# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်　　၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ ဗုဒ္ဓဟူးနေ့　　အတွဲ (၆၀)၊ အမှတ် (၁၂၆)




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး ကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဖွင့်အမှာစကားပြောကြား

**နေပြည်တော်　ဖေဖော်ဝါရီ　၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးဝင်းရှိန်၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးမြင့်ကြိုင်နှင့် ဒေါက်တာ သက်ခိုင်ဝင်းတို့ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

# ကိုဗစ် - ၁၉ ကာကွယ်ဆေးဝယ်ယူရန် ပွင့်ဖြူမြို့နယ် ရန်ပုံငွေကော်မတီသို့ ငွေလှူ

**ပွင့်ဖြူ　ဖေဖော်ဝါရီ　၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရေး ရန်ပုံငွေ လှူဒါန်းရေးကော်မတီမှ အလှူငွေများကောက်ခံလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပွင့်ဖြူမြို့ ပက်အပြည်ပြည်ဆိုင်ရာအသေးစား ငွေရေးကြေးရေးဝန်ဆောင်မှု ရန်ပုံငွေအဖွဲ့အစည်း(PGMF)မှ ကိုဗစ် - ၁၉ ကာကွယ်ဆေးဝယ်ယူရန်အတွက် အလှူငွေများ လာရောက်ထောက်ပံ့လှူဒါန်းပေးသည်။

ပွင့်ဖြူမြို့နယ် ကိုဗစ် - ၁၉ ကာကွယ်ဆေးဝယ်ယူရေး ရန်ပုံငွေလှူဒါန်းရေး ကော်မတီအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခွင့်ရရှိနိုင်ရန်နှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း များတွင် ထိရောက်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်ရေးအတွက်ရည်ရွယ်၍ အလှူငွေကောက်ခံခြင်းများ ဆောင်ရွက်ရာ၌ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ များနှင့် ရပ်ဝေးရပ်နီးမှ စေတနာရှင်ပြည်သူများက အလှူငွေများ လာရောက် ထည့်ဝင်လှူဒါန်းပေးကြကြောင်း အဆိုပါ မြို့နယ်ကိုဗစ် - ၁၉ ကာကွယ်ဆေး ဝယ်ယူရေး ရန်ပုံငွေလှူဒါန်းရေးကော်မတီမှ ဘဏ္ဍာရေးမှူးဖြစ်သူ ဦးအောင်မျိုး ဆက်ထံမှ သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁ ◆*

**ကိုဗစ် - ၁၉ အလွန်ကာလ မြန်မာပြည်တောင်ဘက်ဖျားမှ ဆလုံ(ခေါ်)မော်ကင်း Sea Gypsies ပင်လယ်ပျော်လူသား မျိုးနွယ်စုများရှိရာ တနင်္သာရီတိုင်းဒေသကြီးဆီသို့**

ဆောင်းပါး　စာ　၁၀




**မြန်မာ့အလင်း**

## စီးပွားရေးယန္တရား ပြန်လည်ပတ်နိုင်ရေးနှင့် ဘုရားကျောင်းကန်များသို့ ပြန်လည်သွားရောက်နိုင်ရေး

၂၀၁၉ ခုနှစ် နှောင်းပိုင်းမှ စတင်ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် ၂၀၂၂ ခုနှစ်သို့ ဝင်ရောက်လာသည့်အချိန်ထိ ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်မသွားသေးဘဲ ကမ္ဘာ့နိုင်ငံအသီးသီးမှ လူအများကြား ထဲတွင် ကူးစက်ပျံ့နှံ့ကောင်းနေဆဲ။ အချို့ဒေသများတွင်မူ ဗီဇပြောင်းကာ လူ့အဖွဲ့အစည်းကို ဆက်လက်၍ အန္တရာယ်ပြုနေဆဲဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခံစားရမှုတွင် ကျန်းမာရေးသာမက စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးကဏ္ဍတို့အထိကိုပါ ရိုက်ခတ်သည်။ လူတစ်ဦးမှ အခြားလူများထံ လျင်လျင်မြန်မြန် လွယ်လွယ်ကူကူ ကူးစက်သည့် ၎င်းဗိုင်းရပ်စ်၏ သဘောသဘာဝကြောင့် လူတို့၏ နေ့စဉ်ဘဝ သွားလာလှုပ်ရှားမှုများကို စည်းမျဉ်းစည်းကမ်းများ ချမှတ်ကာ အကန့်အသတ်များ ပြုလုပ်လာရသည်။ ကူးစက်ပျံ့နှံ့မှု ပိုမိုများပြားပြင်းထန်သည်နှင့်အမျှ ပို၍ ပို၍ တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ပြီး ရောဂါကူးစက်မှု အရှိန်အဟုန်ကို တန့်စေကာ တဖြည်းဖြည်းနှင့် ပြန်လည်ကျဆင်းစေရသည်။

ရောဂါကူးစက်မှု တားဆီးထိန်းချုပ်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ရသည့် အကန့်အသတ်အတားအဆီးများက တစ်ဖက်တွင်လည်း ဘေးထွက်ဆိုးကျိုးတို့ ရှိနေသည်။ ကူးသန်းသွားလာမှုများ လျော့နည်းကျဆင်းသွားခြင်း၊ စိုက်ပျိုးရေးနှင့် စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုတို့ ဖြစ်ပေါ်ခြင်း၊ ကုန်စည်ရောင်းဝယ်မှုနှင့် သယ်ယူပို့ဆောင်မှုများ တုံ့ဆိုင်းသွားခြင်းတို့နှင့်အတူ ပြည်သူများ၏ စားဝတ်နေရေးတို့ကိုပါ ထိခိုက်လာသည်။ သို့ဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံများစွာတို့တွင် ကိုဗစ်-၁၉ ရောဂါ ပပျောက်ကင်းစင်မှု မရှိသေးစေကာမူ ရောဂါပိုးနှင့်အတူ ယှဉ်တွဲနေထိုင်နိုင်ရေး အစီအမံများ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ကာ လိုက်နာကျင့်သုံးနေထိုင်ကြရင်း စီးပွားရေးယန္တရားများကို ပြန်လည်လည်ပတ်လုပ်ကိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ ရောဂါပိုးနှင့်အတူ ယှဉ်တွဲနေထိုင်သည်ဟုဆိုရာတွင် မိမိကိုယ်ကိုယ် ရောဂါမကူးအောင် သတိပြုနေထိုင်သလို အခြားသူများကို မကူးစက်စေရန်အတွက်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ကြခြင်းဖြင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေးတို့ကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ကိုင်ကြခြင်း ပင်ဖြစ်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌ ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ စစ်ဆေးမှုများ၏ ၂ ရာခိုင်နှုန်း ကျော်ကျော်မျှသာ ပျမ်းမျှအားဖြင့် ရှိနေပြီး ဖြေလျှော့မှုများ ပြုလုပ်နိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်ဖြစ်သော ၅ ရာခိုင်နှုန်းနှင့်အောက်သို့ ရောက်ရှိနေပြီဖြစ်သည်။ တစ်ဖက်တွင်လည်း ဖြေလျှော့မှုများ ပြုလုပ်လိုက်သည်နှင့် ကူးစက်မှုများ ပြန်လည်များပြားလာပြီး ပိုးတွေ့ရာခိုင်နှုန်း မြင့်တက်လာနိုင်သည့်အခြေအနေနှင့် မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင် တွေ့နေရပြီဖြစ်သော ဗီဇပြောင်းကူးစက်မြန် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး၏ အန္တရာယ်တို့ကိုလည်း မျှော်မှန်းတွက်ဆထားရမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရင်း ရောဂါမကူးစက်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်သုံးနေထိုင်ကြခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ခြင်း၊ မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာသာသနာအလိုက် ဘုရားကျောင်းကန်များတွင် စိတ်နှလုံး၏ ငြိမ်းချမ်းရာကို ရှာဖွေဆောက်တည်ခြင်းတို့ ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

# ၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစု ပျိုးထောင်ရေး။

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ လွိုင်လင်မြို့နှင့် ရမ်ကလောင်းတို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ လားရှိုးမြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ မိုင်းယန်းမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## တန်းတူညီမျှ အခွင့်အရေးရ ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ၊ တန်းတူညီမျှ တာဝန်ယူကြ လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။




## ရေနီ-တံတားကြီး-ဆွာမင်းလမ်း ကျေးရွာချင်းဆက်လမ်းမှ ဒေသထွက်ကုန်များ အဆင်ပြေစွာ သယ်ယူနိုင်

**ရေတာရှည် ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့အရှေ့ ဆွာချောင်းတစ်ဖက်ခြမ်းရှိ ကျေးရွာအများစုသည် လက်ရှိရာသီချိန် ပဲသီးနှံများအား မြို့ဈေးကွက်သို့ တင်ပို့ရာတွင် ရေနီ-တံတားကြီး-ဆွာမင်းလမ်း ကျေးရွာချင်းဆက်လမ်းအတိုင်း ရန်ကုန်-မန္တလေးကားလမ်းသို့ အဆင်ပြေစွာသွားလာနိုင်ကြပြီဖြစ်၍ ဒေသခံတောင်သူများ အဆင်ပြေလျက်ရှိသည်ကို တွေ့ရှိရသည်။

“ဆွာချောင်းအရှေ့ဘက်ခြမ်းမှာရှိတဲ့ တောင်သူတွေ ရာသီချိန်သီးနှံပေါ်ပြီဆိုရင် မြို့ကိုပို့ရတာ အခက်အခဲဖြစ်ကြတယ်။ ရေနီချောင်းဖြတ်တံတားကျတော့ ကုန်နဲ့ဖြတ်လို့မရဘူးလေ။ ခုလမ်းပိုင်းကျတော့ ရာသီမရွေး အဆင်ပြေပြေသွားလို့ရတယ်”ဟု ခင်းတန်းလေးကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ဆွာမြို့အရှေ့ခြမ်းဒေသများသည် စပါး၊ ပဲအမျိုးမျိုး၊ နှမ်း၊ နေကြာ အစရှိသော သီးနှံများစွာ စိုက်ပျိုးလျက်ရှိပြီး ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းများ ကောင်းမွန်လာခြင်းကြောင့် မြို့ဈေးကွက်ကို အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် တင်ပို့နိုင်ကြပြီဖြစ်သည်။

ကိုလွင်(ဆွာ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့၊ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးတင်တို့ လိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအား သွားရောက်ဖူးမြော် ကြည်ညိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်သက်န်း ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများ၊ သာသနာရေးဆိုင်ရာကိစ္စရပ်များအား တင်ပြလျှောက်ထားပြီး မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပွားခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာ အခြေအနေများကြောင့် နိုင်ငံတော်တာဝန်အား တပ်မတော်မှ တာဝန်ယူဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ပုံမှန်လူမှုသဟဇာတနှင့် ယဉ်ကျေးမှုထုံးတမ်းများ ပြန်လည်ကောင်းမွန်လာစေရေး ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းလျှောက်ထား၍ ဆရာတော်ကြီးထံမှ ဆုံးမဩဝါဒများ နာယူခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အား လှူဖွယ်သက်န်း ဆက်ကပ်လှူဒါန်းစဉ်။

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

*ရှေ့ဖုံးမှ*

> "အဓိကမှာ တိုင်းပြည်အနေနှင့် ဖြတ်သန်းလာရသည့် ဒီမိုကရေစီအစိုးရနှစ်ခု၏ တိုင်းပြည်၏ အတွေ့အကြုံနှင့် နိုင်ငံတကာ၏ အတွေ့အကြုံများကိုကြည့်ပြီး ကောင်းသည့် အချက်များကို ပိုပြီးခိုင်ခိုင်မာမာဖြစ်အောင် ကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်"

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အစည်းအဝေး အဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်မှ တာဝန်ယူပြီးနောက်ပိုင်း အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးပိုင်းဆိုင်ရာများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများ တာဝန်ပေးခန့်အပ်ခြင်းဖြစ်ပြီး ယခုခန့်အပ်ခြင်းခံရသည့် ပြည်ထောင်စုဝန်ကြီးများသည် နိုင်ငံတော်အတွက်၊ တိုင်းပြည်အတွက် အမှန်တကယ်ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်များဖြစ်သည်ကို ယုံကြည်ကြောင်း၊ အားလုံးသည် အတွေ့အကြုံရှိပြီး၊ အရည်အချင်းရှိသည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ မိမိတို့၏ အတွေ့အကြုံနှင့် အရည်အချင်းများကိုအသုံးချပြီး မိမိတို့ကျရာကဏ္ဍအလိုက် ဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ခြင်း ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်ခြင်းသည် ပိုမိုကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စုပေါင်းတိုင်ပင်ဆွေးနွေးပြီး တိုင်းပြည်အတွက် ကောင်းအောင်ဆောင်ရွက်မည်ဆိုသည့် မူနှင့်သာ သွားစေချင်ကြောင်း၊ အဓိကမှာ တိုင်းပြည်အနေနှင့် ဖြတ်သန်းလာရသည့် ဒီမိုကရေစီအစိုးရနှစ်ခု၏ တိုင်းပြည်၏ အတွေ့အကြုံနှင့် နိုင်ငံတကာ၏ အတွေ့အကြုံများကိုကြည့်ပြီး ကောင်းသည့်အချက်များကို ပိုပြီးခိုင်ခိုင်မာမာဖြစ်အောင် ကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကောင်းရှိသလို အဆိုးများလည်းရှိကြောင်း၊ အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် ပြည်သူများနှင့် နိုင်ငံတကာ၏ တုံ့ပြန်ချက်များရှိကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒဖြစ်သည့် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒ၊ ကြားနေမူဝါဒနှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပြတ်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်အပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်၍ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းရန်ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းဆိုရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီလမ်းကြောင်းကို ပြောခြင်းဖြစ်ကြောင်း၊ ကိုယ့်နိုင်ငံ၏ Stand အပေါ်တွင်သာယူပြီး သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်သာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိမိတို့သည် ကြားကာလတာဝန်ယူရသော အဖွဲ့အစည်းဖြစ်သဖြင့် မှားယွင်းဆောင်ရွက်၍မရဘဲ အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို သွားရန်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**သမာသမတ်ရှိစွာဖြင့် ဆောင်ရွက်**

ထို့နောက် ရွေးကောက်ပွဲနှင့် ပတ်သက်၍ မှာကြားရာတွင် မဲစာရင်းမှားယွင်းမှုများကို ဖော်ထုတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား အသစ်ပြန်လည်ဖွဲ့စည်းပြီး ဆောင်ရွက်မှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး မဲစာရင်းစိစစ်မှုများနှင့် ပတ်သက်၍ တပ်မတော်မှ ထုတ်ပြန်ချက်များသည် ခိုင်မာမှုရှိကြောင်း၊ မဲစာရင်းမှားယွင်းမှုများအား တပ်မတော်မှ စတင်သိရှိချိန်တွင် ရှင်းလင်းဆောင်ရွက်နိုင်ရန်အတွက် ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ကြောင်း၊ သို့သော် ယခင်ရွေးကောက်ပွဲကော်မရှင်မှ တုံ့ပြန်မှုမရှိခဲ့ကြောင်း၊ မြို့နယ် ၃၁၄ မြို့နယ်ကို စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်၏ စစ်ဆေးတွေ့ရှိချက်များတွင် နည်းပညာအရ ကွန်ပျူတာ၏ ဖတ်ရှုမှု Error အနည်းငယ်မှလွဲ၍ ကြီးမားစွာ မှားယွင်းမှုမရှိကြောင်း၊ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ သမာသမတ်ရှိသည့် လူပုဂ္ဂိုလ်များဖြင့် စစ်ဆေးပြီး ရလဒ်များ ထွက်ပေါ်လာပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မဲစာရင်းများအား ဆောင်ရွက်ရာတွင် လူဦးရေစာရင်းများ မှန်မှန်ကန်ကန်ရှိစေရန်အတွက်လည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ရွှေ့ပြောင်းသန်းခေါင်စာရင်းများအပေါ် မူတည်၍ စာရင်းများ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မှတ်ပုံတင်မရရှိသေးသည့် နိုင်ငံသားများအား အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် မှတ်ပုံတင်မရရှိသေးသည့် တိုင်းရင်းသားများရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း သမာသမတ်ရှိစွာဖြင့် ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

**စီမံဆောင်ရွက်ကြရမည်ဖြစ်**

ဆက်လက်၍ COVID-19 ရောဂါကာကွယ် ထိန်းချုပ် ကုသရေးနှင့် ပတ်သက်၍ မှာကြားရာတွင် ယခုအခါ COVID-19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအား အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ COVID-19 ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် အမိန့်များသည် ပြင်ဆင်ချက်မထုတ်ပြန်မီအချိန်အထိ အတည်ပင်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကိုလည်း စည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပမှ မှာယူထားသည့် ကာကွယ်ဆေးများ ရောက်ရှိရေးအတွက်လည်း လိုအပ်သည့် လေယာဉ်ဖြတ်သန်းခွင့်ကိစ္စရပ်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ COVID-19 ရောဂါဖြစ်ပွားနေချိန်ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိဒုက္ခခံနေကြရသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့ မြန်မာနိုင်ငံသို့ ပြန်လာသင့်ကြောင်း၊ အဆိုပါ ပြည်ပရောက် မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ယူနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရောဂါကို ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ ပညာပေးခြင်း၊ ကာကွယ်ခြင်း၊ ကုသခြင်းများတွင် ကုသခြင်းမှာ ကုန်ကျစရိတ်များကြောင်း၊ ကာကွယ်မှုကိုဆောင်ရွက်ရာတွင် လူအများကို ကူးစက်ခံမည့် အစား စစ်ဆေးမှုများ ပိုမိုပြုလုပ်၍ ထိန်းချုပ်ဆောင်ရွက်ပါက ကူးစက်မှုများ လျော့ကျသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင်လည်း မြို့လုံးကျွတ်စစ်ဆေးပြီး ကူးစက်သူများကို ခွဲထုတ်၍ ထပ်မံကူးစက်မှုများကို လျှော့ချနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေနှင့်လည်း အတတ်နိုင်ဆုံး စစ်ဆေး ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသာမက သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး ပူးပေါင်းကူညီဆောင်ရွက်ရန်လိုကြောင်း၊ ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာအလိုက် ဘာသာရေးအဆောက်အဦများတွင် ဘုရားဝတ်ပြုခြင်း၊ ကြည်ညိုခြင်းများအား COVID-19 စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပြုလုပ်ပေးသွားရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

ယင်းနောက် စီးပွားရေးနှင့် ပတ်သက်၍ မှာကြားရာတွင် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှစတင်ပြီး COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့် ယခုကာလတွင် အကြောင်းအမျိုးမျိုးကြောင့် စက်ရုံ၊ အလုပ်ရုံများ ပိတ်ထားရသဖြင့် စီးပွားရေးကျဆင်းခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသူ နိုင်ငံသားများသည် စိုက်ပျိုးမွေးမြူရေးကို အဓိကအခြေခံ၍ ဆောင်ရွက်ကြကြောင်း၊ နိုင်ငံ့စီးပွားရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ပစ်ပယ်ထား၍မရကြောင်း၊ တစ်ကမ္ဘာလုံးတွင် လူဦးရေ ၇ ဘီလီယံကျော်ရှိကြောင်း၊ ထို့ကြောင့် ရိက္ခာလိုအပ်ချက် အမြဲရှိနေမည်ဖြစ်ကြောင်း၊ အဆိုပါ ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံရှိ ပြည်သူများ အလုပ်အကိုင်ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးကို နာလန်ထူအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလုပ်လက်မဲ့ဖြစ်နေသူများ ဝင်ငွေရရှိသည့် အလုပ်အကိုင်များရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ရန်လိုကြောင်း၊ ရပ်တန့်ထားသည့် စက်ရုံများကိုလည်း COVID-19 စည်းကမ်းချက်များနှင့်အညီ ပြန်လည်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အချို့စက်ရုံအလုပ်ရုံများသည်

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

COVID-19 စည်းကမ်းချက်များကို လိုက်နာမှုမရှိဘဲ လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ စက်ရုံ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေကြသူများအား သွားလာရေးစည်းကမ်းများ စနစ်တကျ ရှိစေရန် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် ပစ္စည်းများကို အသက်သာဆုံးဈေးနှုန်းများဖြင့် ရရှိအောင် ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များကို နိုင်ငံတော်မှ ကျခံဆောင်ရွက်ပေးရန်လိုကြောင်း၊ COVID-19 ရောဂါကာကွယ်ရေးရန်ပုံငွေများမှ မဖြစ်မနေ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ကြောင်း၊ ပြည်တွင်းခရီးသွားလာမှုနှင့် ဟိုတယ်လုပ်ငန်းများအား COVID-19 စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာစေလျက် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအားလုံး COVID-19 စည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင် ဆောင်ရွက်ရန်အတွက် တာဝန်ရှိအဖွဲ့အစည်း အသီးသီးမှ ကြပ်မတ်ဆောင်ရွက်ရန်လိုပြီး ပြည်သူများအနေဖြင့် တာဝန်သိစွာဖြင့် လိုက်ပါဆောင်ရွက်ရန်လိုကြောင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ လူထုမှအသိပညာများ ရရှိစေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ကျယ်ကျယ်ပြန့်ပြန့် ပြန်ကြားပေးရန်လိုကြောင်း၊ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့်မူဝါဒအတိုင်း ဖျော်ဖြေခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ထိန်းသိမ်းသည့် ဖျော်ဖြေမှုများဖြစ်ရန် လိုကြောင်း၊ ခေတ်မီသည်ကိုအားပေးသော်လည်း ခေတ်လွန်သည်ကို အားမပေးကြောင်း၊ COVID-19 ကြောင့် ဖြစ်ပွားလာသည့် စီးပွားရေးကျဆင်းမှုကို ပြန်ပြီးနာလန်ထူလာအောင် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**တည့်မတ်ထိန်းသိမ်း**

ထို့နောက် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန် လိုအပ်မှုနှင့် ပတ်သက်၍ မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိအနေဖြင့် ဥပဒေနှင့်အညီဖြစ်အောင် အမြဲဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ဖြစ်ပွားခဲ့သည့်ကိစ္စတွင်လည်း မိမိတို့အနေဖြင့် ဥပဒေနှင့်အညီဖြစ်အောင် ကြိုးတင်စဉ်းစားခဲ့ကြောင်း၊ မိမိတို့အနေနှင့် အကြိမ်ကြိမ် မေတ္တာရပ်ခံဆောင်ရွက်ခဲ့သော်လည်း လုံးဝရှောင်လွှဲ၍ မရသောကြောင့် တိုင်းပြည်အတွက် ယခုလမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း၊ နောင် ရွေးကောက်ပွဲပြုလုပ်၍ ဖြစ်ပေါ်လာမည့်အစိုးရတာဝန်မယူမီ မိမိတို့အနေဖြင့် တိုင်းပြည်ကို တည့်မတ်ထိန်းသိမ်းပေးရန် လိုကြောင်း၊ အခြေအနေ အမျိုးမျိုးကြောင့် ယိမ်းယိုင်နေသည့် အခြေအနေများကိုလည်း ကူညီတည့်မတ်ပေးရန် လိုကြောင်း၊ တိုင်းပြည်ကို တည်ငြိမ်အောင်ဆောင်ရွက်ရာတွင် ဥပဒေအရ ဆောင်ရွက်ရမည်များ ရှိကြောင်း၊ အရေးပေါ်ကာလ တစ်နှစ်သတ်မှတ်ထားချိန်တွင် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်နှင့် COVID-19 ရောဂါကာကွယ် ထိန်းချုပ် ကုသရေး ကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ ဥပဒေနှင့်အညီဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားသည်။

**အမြန်ဆုံး ပြန်လည်ခေါ်ဆောင်**

ဆက်လက်၍ နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲ ပြန်လည်ကျင်းပရန်အတွက် လိုအပ်သည့် သန်းခေါင်စာရင်းများ မှန်ကန်အောင်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဘုရား၊ စေတီပုထိုးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ COVID-19 စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအား အမြန်ဆုံး ပြန်လည်ခေါ်ဆောင်နိုင်ရန်အတွက် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ဟိုတယ်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် COVID-19 စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ကိစ္စရပ်များအား မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များအား ဖြည့်စွက်မှာကြားသည်။

ငင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးအား ရုပ်သိမ်းလိုက်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြန်ကြားရေးဝန်ကြီးဌာန

သတင်းထုတ်ပြန်ချက်

(၁၃၈၂ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်)

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့အာဏာတည်သောအမိန့် အမိန့်အမှတ် (၁/၂၀၂၁) ကို ၁-၂-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာပြီး အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေသည် နိုင်ငံတစ်ဝှမ်းဖြစ်ကြောင်းနှင့် အရေးပေါ်အခြေအနေအား ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ အမိန့်ထုတ်ပြန်သည့်နေ့မှစ၍ တစ်နှစ် သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သော မဲစာရင်းများ ကြီးမားစွာ ကွာခြားမှုနှင့်ပတ်သက်ပြီး အဆိုပါပြဿနာမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေခြင်းနှင့် နိုင်ငံတော်တည်ငြိမ်မှုကို များစွာထိခိုက်စေလျက်ရှိသည့်အတွက် ပြဿနာများကို မှန်ကန်စွာ ဖြေရှင်းခြင်းမပြုပါက နိုင်ငံတော်၏ ဒီမိုကရေစီလျှောက်လှမ်းမှုတွင် အခက်အခဲများ ဖြစ်ပေါ်လာစေမည်ဖြစ်၍ ဥပဒေနှင့်အညီ ဖြေရှင်းရန် လိုအပ်သည့်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း အဆိုပါအမိန့်တွင် ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါသည်။

၃။ သို့ရာတွင် အချို့သော သတင်းမီဒီယာများနှင့် ပြည်သူများက လူမှုကွန်ရက်ပေါ်တွင် ကောလာဟလသတင်းများ ထုတ်ပြန်ခြင်း၊ ဆူပူမှုဖြစ်ပေါ်အောင် စည်းရုံးလှုံ့ဆော်ခြင်းနှင့် မငြိမ်မသက်ဖြစ်စေရန် ကြေညာချက်ထုတ်ပြန်ခြင်းများ ပြုလုပ်နေကြကြောင်း တွေ့ရှိရပါသဖြင့် ထိုသို့ လုပ်ဆောင်ခြင်းမပြုလုပ်ကြရန်နှင့် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

# ကျုံပျော်မြို့မဈေး၌ ဈေးရောင်းချသူများ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များ လိုက်နာခြင်း ရှိ/မရှိ စစ်ဆေး

**ကျုံပျော် ဖေဖော်ဝါရီ ၂**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ မြို့မဈေးအတွင်းရှိ ဈေးရောင်းချသူများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များ လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂ ရက်က ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများ၊ ဈေးကော်မတီများ ပူးပေါင်း၍ ဈေးရောင်းသူများတွင် နှာခေါင်းစည်းတပ်ဆင်ခြင်း ရှိ/မရှိကို လိုက်လံစစ်ဆေးပြီး မတပ်ဆင်ပါက ဒဏ်ကြေးသတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးဝယ်သူများအားလုံးလည်း နှာခေါင်းစည်းတပ်ဆင်ပြီးမှ ဈေးအတွင်း ဝင်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်မှုအတွက် စစ်ဆေးခြင်းနှင့် ဈေးအတွင်း အသံချဲ့စက်ဖြင့် အသိပေးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ဈေးဆိုင်များအားလုံးကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ရောင်းချခွင့်ပြုထားကြောင်း သိရသည်။

နေဝင်းမြင့်(ကျုံပျော်)

# ဆိုးလ်မြို့ရှိ မြန်မာသံရုံးကစီစဉ်သည့် အပတ်စဉ် ကယ်ဆယ်ရေးလေယာဉ်များ ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း အသိပေးကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

COVID-19 ကူးစက်ရောဂါကာလအတွင်း၌ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားရောက်ရန် စောင့်ဆိုင်းနေကြသည့် မြန်မာနိုင်ငံသားများအတွက် ဆိုးလ်မြို့ရှိ မြန်မာသံရုံးက တစ်ပတ်လျှင် တစ်ကြိမ် ကယ်ဆယ်ရေးလေယာဉ် ပျံသန်းပြေးဆွဲနိုင်ရေး စီစဉ်ပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခေတ္တပိတ်သိမ်းမှုကြောင့် ဖေဖော်ဝါရီ ၂ ရက်တွင် ပြေးဆွဲမည့် ကယ်ဆယ်ရေး လေယာဉ်ကို ရပ်နားခဲ့ရကြောင်း။

ယခုအခါ အပတ်စဉ် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်များကို ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ တစ်ပတ်လျှင် တစ်ကြိမ် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပြီး ကယ်ဆယ်ရေးလေယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်သဖြင့် ယခင်စီစဉ်ထားသော ဖေဖော်ဝါရီ ၅ ရက်တွင် ပျံသန်းမည့် ကိုရီးယားနိုင်ငံရောက် မြန်မာအလုပ်သမားများအတွက် အထူးကယ်ဆယ်ရေးလေယာဉ်ကို ယင်းနေ့တွင်ပင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင် ပျံသန်းရန် စီစဉ်ထားသည့် ကယ်ဆယ်ရေးလေယာဉ်တွင် လိုက်ပါရန် စာရင်းပေးသွင်းထားသော ခရီးသည်များအတွက် အစားထိုးကယ်ဆယ်ရေး လေယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၆ ရက်တွင်လည်းကောင်း ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း ဆိုးလ်မြို့ရှိ မြန်မာနိုင်ငံသံရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# ဂန့်ဂေါတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂**

ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက အောင်မြင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညိုဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ပိုင်စိုးက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားပြီး သင်တန်းတွင် ကဏ္ဍအလိုက် ပို့ချဆွေးနွေးကြမည့် အစီအစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြကာ သင်တန်းအထောက်အကူပြုပစ္စည်းများနှင့် စိုက်ပျိုးရေးနည်းပညာပေး လက်ကမ်းစာစောင်များကို သင်တန်းသားများသို့ ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ၁၅ ရက်ကြောင်း သိရသည်။

၁၄၄



ငဖဲမြို့နယ် ပင်ဦးကျေးရွာအုပ်စု လေးအိမ်စုကျေးရွာ၌ ဇန်နဝါရီ ၃၀ ရက်က မီးလောင်မှုတွင် မီးဘေးသင့် အိမ်ထောင်စု ၃၈ စုအတွက် အလှူရှင်များက လှူဒါန်းသော အလှူငွေများ၊ စားသောက်ကုန်များနှင့် အသုံးအဆောင်ပစ္စည်းများကို လွတ်လပ်စွာ ပျော်ရွှင်တတ်သော မင်းဘူးအဖွဲ့က ဖေဖော်ဝါရီ ၁ ရက်တွင် ကျေးရွာဘုန်းတော်ကြီးကျောင်း၌ လှူဒါန်းပေးအပ်စဉ်။

မောင်မောင် (မင်းဘူး)

# မိုင်းယောင်းတွင် မိုင်းဖြတ် - မိုင်းယောင်းလမ်း ကတ္တရာလမ်းချဲ့

**မိုင်းယောင်း ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် မိုင်းဖြတ်-မိုင်းယောင်းလမ်း မီတာ ၆၀၀ အရှည်၊ ၃ ဒသမ ၆၆ မီတာအကျယ်မှ ၅ ဒသမ ၅ မီတာအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။

အဆိုပါလမ်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၆၄ သန်းဖြင့် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးထက်ဝေတင့် ဦးစီးအရာရှိ(မြို့ပြ)က တာဝန်ခံဆောင်ရွက်ပြီး ဒုတိယအခြေခံလွှာ ၂၅၀ မီလီမီတာ ထုခင်းကြိတ်ခြင်း၊ အခြေခံလွှာအဖြစ် ၆ ဒသမ ၁ မီတာ အကျယ် ၂၅၀ မီလီမီတာ ထုခင်းကြိတ်ခြင်း၊ အပွန်းခံလွှာ ၅ ဒသမ ၅ မီတာအကျယ် ခင်းကြိတ်ခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်းနှင့် လမ်းပခုံးခင်းကြိတ်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ကာ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်တွင် အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း

# ပြည်သူများသို့ အသိပေးတင်ပြချက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
### "ပြည်သူများသို့အသိပေးတင်ပြချက်"
### ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
### (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ မြန်မာ့တပ်မတော်သည် ပြည်သူနှင့်ပတ်သက်လာလျှင် "ပြည်သူသာ အမိ၊ ပြည်သူသာ အဖ" ဟူသော ဆောင်ပုဒ်ကို ခေတ်အဆက်ဆက် ဦးထိပ်ထား ဆောင်ရွက်ခဲ့ပါသည်။ ပြည်သူတို့ လိုလားတောင်းဆိုသော "ပါတီစုံဒီမိုကရေစီ စနစ်" ကို ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ခြင်းနည်းလမ်းတည်းဟူသော နိုင်ငံရေးယဉ်ကျေးမှုများဖြင့် တည်ငြိမ်အေးချမ်းစွာ အသွင်ကူးပြောင်းပေးခဲ့ပါသည်။

၂။ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့ကို အောင်မြင်စွာ ကျင်းပပေးခဲ့ပါသည်။ ၎င်းရွေးကောက်ပွဲများ၌ ကြီးမားသည့် ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများမရှိခဲ့ဘဲ သာမန်အငြင်းပွားမှုများကိုသာတွေ့ရှိခဲ့ရပြီး အဆိုပါရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကိုလည်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိသူများက ဥပဒေနှင့်အညီ ဖြေရှင်းပေးခဲ့ပါသည်။

၃။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲသည် ၎င်းစနစ်၏ အသက်ပင်ဖြစ်ပါသည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်မှသာလျှင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်စေမည် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်" ဟု ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးမည့် အစိုးရအဖွဲ့၊ သက်ဆိုင်ရာလွှတ်တော်အသီးသီး၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အဖွဲ့အစည်းအသီးသီးတို့ကို ရွေးကောက်ပွဲဖြင့် တိုက်ရိုက်၍ သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြည်သူက ရွေးချယ်ရခြင်းဖြစ်ပါသည်။ ၎င်းရွေးကောက်ပွဲသည် လွတ်လပ်၊ သန့်ရှင်း၊ တရားမျှတမှသာ ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်လျက် အချုပ်အခြာအာဏာသည် ပြည်သူ/ နိုင်ငံသားများထံမှ စစ်မှန်သည့် ဆင်းသက်ခြင်းမျိုးဖြစ်ပါမည်။

၄။ ယခုကျင်းပပြီးစီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင်မူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ခဲ့သော မဲစာရင်းအပေါ် စိစစ်ချက်များအရ မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁၀၄၈၂၁၁၆ (တစ်ဆယ်သန်းလေးသိန်းကျော်) ရှိခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၈ သန်းရှိပြီး ၎င်းအနက် ၁၀ သန်းကျော် မဲမသမာမှု ဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိချက်မှာ မဲပေးပိုင်ခွင့်ရှိသူ လူပမာဏ၏ လေးပုံ တစ်ပုံကျော် ( ၂၅ % ကျော် ) မဲမသမာမှုဖြစ်နိုင်နေခြင်း ဖြစ်ပါသည်။ ၎င်းကိစ္စသည် သာမန်မှားယွင်းမှု၊ သာမန်အငြင်းပွားနိုင်မှုမဟုတ်ကြောင်း ပြည်သူလူထု တစ်ရပ်လုံး တွေ့မြင်နိုင်ပါသည်။ ထိုသို့ တွေ့မြင်နိုင်အောင်လည်း တပ်မတော် အနေဖြင့် ပွင့်လင်းမြင်သာစွာ စိစစ်တွေ့ရှိချက် စာရင်းဇယားများ ထုတ်ပြန်ခြင်း ၃၀ ကြိမ်၊ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းအား ရွေးကောက်ပွဲ မတိုင်မီ ၂ ကြိမ်၊ ရွေးကောက်ပွဲအပြီး ၄ ကြိမ်၊ စုစုပေါင်း ၆ ကြိမ်၊ တရားဝင် ထုတ်ပြန်ခဲ့ပါသည်။ တပ်မတော်သတင်းစာရှင်းလင်းပွဲများ၌လည်း ပြည်တွင်း၊ ပြည်ပမီဒီယာ ၅၀ ကျော်ရှေ့တွင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ပွင့်လင်းမြင်သာစွာလည်း ရှင်းလင်းပြသခဲ့ပြီးဖြစ်ပါသည်။

၅။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်၏ အုတ်မြစ်ဖြစ်သော ရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရေး၊ ရိုးသားသည့်နိုင်ငံရေးဖြစ်စေရေး ရွေးကောက်ပွဲ မတိုင်မီကပင် အကြိမ်ကြိမ် ပြောကြားခဲ့ပါသည်။ "လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ" ဖြစ်ခဲ့ခြင်း ရှိ/ မရှိကို ရွေးကောက်ပွဲကျင်းပသည့်ရက် ၁ ရက်တည်းကြည့်ပြီး ဆုံးဖြတ်၍မရနိုင်ပါ။ ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲရက်ကာလ၊ ရွေးကောက်ပွဲအပြီးကာလ အနည်းဆုံး ကာလ ၃ ခု၌ လွတ်လပ်၍ တရားမျှတမှု ရှိ/ မရှိ၊ သံသယကင်းကင်း၊ သန့်သန့်ရှင်းရှင်း ရှိ/မရှိ သုံးသပ်စိစစ်ရမည်ဖြစ်ပါသည်။ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတွင် ၎င်းအချိန်ကာလ ၃ ခုလုံး၌ လွတ်လပ်မှု၊ တရားမျှတမှု၊ သန့်ရှင်းမှုများအပေါ် အငြင်းပွားဖွယ်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ယနေ့ အထိ ရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံရေးပါတီ ၂၀ ပါတီမှ ကြေညာချက် ၂၆ စောင်ထုတ်ပြန်၍ ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုနိုင်သည့် စာရင်းများ ကို ရှင်းလင်းပြီးစီးမှု မပြီးမချင်း တတိယအကြိမ်လွှတ်တော်ကို ဆိုင်းငံ့ထားရန် တောင်းဆိုခဲ့ပြီး ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း ၁၀.၁၁.၂၀၂၀ ရက်နေ့မှ ၂၉.၁.၂၀၂၁ ရက်နေ့အထိ မြို့နယ် ၉၉ မြို့နယ်၌ ဆန္ဒဖော်ထုတ်မှု ၁၂၄ ကြိမ် ပြုလုပ်ခဲ့ ကြောင်း တွေ့ရှိရပါသည်။

၆။ တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာလျက် "လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ" ဖြစ်စေရေး ဥပဒေပြဋ္ဌာန်းချက်များကို မကျော်လွန်စေဘဲ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ၂-၁၁-၂၀၂၀ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အကြိုကာလ၌ ဖြစ်ပေါ်နေသည့် အခြေအနေများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တည်ဆဲဥပဒေများကို ကျော်လွန်၍ ညွှန်ကြားချက်အမျိုးမျိုးထုတ်နေမှုများ၊ ကြိုတင်မဲ ပေးချိန်၌ ကြုံတွေ့နေရသည့် ဥပဒေနှင့်မညီညွတ်မှုများအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့အား သဘောထား ထုတ်ပြန်ကြေညာခြင်း။

(ခ) ၂-၁၁-၂၀၂၀ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းအသီးသီးအား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် ဒေသခံတိုင်းရင်းသား ပြည်သူများအား ခြိမ်းခြောက်မှု မပြုစေရေးနှင့် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံး လှုပ်ရှားခွင့်ရရှိစေရေး ဆောင်ရွက်ပေးရန် သဘောထားထုတ်ပြန်ကြေညာခြင်း။

(ဂ) ၃၀-၁၁-၂၀၂၀ ရက်နေ့တွင် ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းနိုင်ရန်နှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ အဖြစ် အများပြည်သူ သံသယကင်းရှင်းစွာ အသိအမှတ်ပြုနိုင်ရေး သက်သေခံ ဥပဒေ ပုဒ်မ ၇၄ နှင့် ၇၆ တို့အရ စာရွက်စာတမ်းများ ကူးယူခွင့် တောင်းခံသည့် သဘောထားထုတ်ပြန်ချက် ထုတ်ပြန် ခြင်း။

(ဃ) ၁၀-၁၂-၂၀၂၀ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်မှ စာရွက်စာတမ်း ကူးယူခွင့်များကို ခွင့်မပြုသဖြင့် ၎င်းစာရွက် စာတမ်းများအား ကူးယူခွင့်တောင်းခံခြင်းမှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးနှင့် ကန့်ကွက် ပိုင်ခွင့် အခွင့်အရေးတို့အရ တောင်းခံခြင်းဖြစ်သည့်အတွက် ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းသည့် သဘောထား ထုတ်ပြန်ခြင်း။

(င) ၁၄-၁-၂၀၂၁ ရက်နေ့တွင် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ် ၂၀၃ ဦးတို့က ၁၁-၁-၂၀၂၁ ရက်နေ့၌ အခြေခံ ဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူရန် တင်ပြချက်အား ငြင်းဆန်မှုအပေါ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ/မရှိ ပြန်လည် ဆန်းစစ်ပေးရန် သဘောထားထုတ်ပြန်ခြင်း။

(စ) ၂၀-၁-၂၀၂၁ ရက်နေ့တွင် တပ်မတော်၏ ရွေးကောက်ပွဲအပေါ် စိစစ်တွေ့ရှိချက်များ၊ မဲမသမာမှုဖြစ်စေနိုင်သည့်စာရင်းများ ထုတ်ပြန်နေရခြင်းမှာ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်း မြင်သာသည့် အထွေထွေရွေးကောက်ပွဲရလဒ်ကို သံသယ ကင်းရှင်းစွာ အသိအမှတ်ပြုလိုခြင်းကြောင့်ဖြစ်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးရန်နှင့် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲရလဒ် ဖြစ်ကြောင်း ထုတ်ဖော်ပြသနိုင်မည်ဆိုလျှင် ပြည်သူ့ဆန္ဒ အစစ်အမှန်ကို ထင်ဟပ်မည်ဖြစ်၍ တပ်မတော်နှင့် အခြားသော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ လက်ခံ သွားမည်ဖြစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေ့ရှု၍ ပြည်ထောင်စုလွှတ်တော်က သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရက သော်လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သော်လည်းကောင်း နည်းလမ်းရှာ ဖြေရှင်းပေးပါရန် သဘောထား ထုတ်ပြန်ခြင်း။

၇။ တပ်မတော်အနေဖြင့် ၎င်းထုတ်ပြန်ချက်များအား ထုတ်ပြန်ခဲ့သည့်အပြင် အစိုးရအဖွဲ့ထံ အထက်ပါကိစ္စများကို ဖြေရှင်းပေးနိုင်ရေးအတွက် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးအား ခေါ်ယူပေးပါရန် တင်ပြခဲ့ပါသည်။ တပ်မတော်အနေဖြင့် ကြေညာချက်များ ထုတ်ပြန်၍ ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ရွေးကောက်ပွဲနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဖြေရှင်းပေးရန် ပထမအဆင့် ပြောကြားခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးရန် ငြင်းဆန်သည့်အခါ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ဖြေရှင်းပေးနိုင်ပါရန် ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဥပဒေနှင့်အညီ တောင်းဆိုသည့် ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေး ခေါ်ယူပေးရန် ငြင်းဆန်သည့်အခါ လက်ရှိကြုံတွေ့နေရသော အခြေအနေများကို နိုင်ငံတော် အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ခုခုက နည်းလမ်းရှာဖြေရှင်းပေးပါရန် တောင်းဆိုခဲ့ပါသည်။ ၎င်းအဆင့် အားလုံး ငြင်းပယ်ခံရသည့်အခါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီတွင် အဓိက တာဝန်ရှိသော သမ္မတဦးစီးသည့် အရပ်ဘက်၊ စစ်ဘက် အားလုံးကိုကိုယ်စားပြုသော "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်းအဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးကြရန် ၂ ကြိမ် တင်ပြခဲ့ပါသည်။ တပ်မတော်အနေဖြင့် ဤသို့ လုပ်ထုံး၊ လုပ်နည်း၊ ဥပဒေများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါသည်။

၈။ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ "နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်စေရန်" ကိုလည်းကောင်း၊ ပုဒ်မ ၆ (ဃ)နှင့် ပုဒ်မ ၇ တို့အရ "စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး" ကိုလည်းကောင်း၊ ပုဒ်မ ၆ (စ)အရ "နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင် နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်" အား လိုက်နာဆောင်ရွက်လျက် ရှိပါသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်နိုင်သည့်စာရင်း ၁၀၄၈၂၁၁၆ (တစ်ဆယ်သန်းလေးသိန်းကျော်) အား တာဝန်ရှိသူအဆင့်ဆင့်က ဖြေရှင်းပေးမှုမရှိဘဲ လွှတ်တော်အသီးသီး အားခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀ (ဂ)နှင့် ပုဒ်မ ၄၁၇ ပါ "နိုင်ငံတော်အာဏာကို အဓမ္မ နည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း" ဖြစ်ပါသည်။

၉။ ထို့ကြောင့် တပ်မတော်အနေဖြင့် အထက်အပိုဒ် ၈ ပါ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များအား လေးစားလိုက်နာလျက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်အား ယာယီသမ္မတမှ လွှဲပြောင်းတာဝန်ပေးထား သည့် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ တပ်မတော်အနေဖြင့် ယခုဆောင်ရွက်နေဆဲ ကိစ္စရပ်များကို ဥပဒေနှင့်အညီသာ ဆောင်ရွက်သွားပါမည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကို တရားမျှတမှုအပြည့်ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲအား ပြုလုပ်ကျင်းပပေးသွားမည် ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီအား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးသွားမည် ဖြစ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံးက တပ်မတော် နှင့်လက်တွဲ၍ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ဖြင့် တည်ဆောက်သွားနိုင်ရေး တင်ပြနှိုးဆော်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

---

◆ ***ရှေ့ဖုံးမှ***

ယနေ့နံနက်ပိုင်းက ပွင့်ဖြူမြို့ ပက်အပြည်ပြည်ဆိုင်ရာ အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှု ရန်ပုံငွေ အဖွဲ့အစည်း (PGMF)မှ မန်နေဂျာ ဒေါ်ဥမ္မာသင်း ဦးဆောင်သော ဝန်ထမ်း များအဖွဲ့က မြို့နယ်ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရေး ရန်ပုံငွေ လှူဒါန်းရေးကော်မတီထံ ကိုဗစ် - ၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ရေး အတွက် အလှူငွေကျပ် ၁၂ သိန်းအား လာရောက်လှူဒါန်းရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာချစ်ကိုကိုနှင့် တာဝန်ရှိသူ များက လက်ခံရယူခဲ့ပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် သည်။ **(ယာပုံ)**

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံ ပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ စေတနာရှင်ပြည်သူများက ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ် နိုင်ရန်နှင့် ကာကွယ်ဆေးများထိုးနှံ နိုင်ရေးအတွက် အလှူငွေများ လာရောက်ထည့်ဝင် လှူဒါန်းကြရာ ယနေ့အထိ အလှူငွေကောက်ခံရရှိမှု ငွေကျပ် သိန်း ၅၀ ကျော် ရရှိနေပြီ ဖြစ်ကြောင်းနှင့် လှူဒါန်းလိုသူများ အနေဖြင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရန်ပုံငွေ လှူဒါန်းရေး ကော်မတီမှ ဘဏ္ဍာရေးမှူး ဦးအောင် မျိုးဆက် ဖုန်း - ၀၉၄၀၁၅၇၂၁၅၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
အမိန့်အမှတ် ( ၉ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဗိုလ်ချုပ်ကြီး မြထွန်းဦး | အဖွဲ့ဝင် |
| (ဃ) | ဗိုလ်ချုပ်ကြီး တင်အောင်စန်း | အဖွဲ့ဝင် |
| (င) | ဗိုလ်ချုပ်ကြီး မောင်မောင်ကျော် | အဖွဲ့ဝင် |
| (စ) | ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း | အဖွဲ့ဝင် |
| (ဆ) | ဖဒိုမန်းငြိမ်းမောင် | အဖွဲ့ဝင် |
| (ဇ) | ဦးသိန်းညွန့် | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင်ဆွေ | အဖွဲ့ဝင် |
| (ည) | ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး | အတွင်းရေးမှူး |
| (ဋ) | ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး | တွဲဖက်အတွင်းရေးမှူး |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

# ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၂ /၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ကံဇော်အား ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်အား တာဝန်မှအငြိမ်းစားပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၄ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်အား တာဝန်မှအငြိမ်းစားပေးခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး အား ယနေ့မှစ၍ တာဝန်မှ အငြိမ်းစားပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၁ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ဒေါ်သီတာဦးအား ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယရှေ့နေချုပ်တာဝန်မှ ရပ်စဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၃ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## ဒုတိယရှေ့နေချုပ်တာဝန်မှ ရပ်စဲခြင်း

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်အား ယနေ့မှစ၍ တာဝန်မှ ရပ်စဲလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယဝန်ကြီး ပြောင်းရွှေ့ တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၅ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## ဒုတိယဝန်ကြီး ပြောင်းရွှေ့ တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့ တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၆ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်အား ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်တာဝန်ကို ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဗဟိုဘဏ်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၈ /၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## ဗဟိုဘဏ်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသန်းညိန်း အား ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၇ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးသိန်းစိုး | ဥက္ကဋ္ဌ |
| (၂) | ဦးသောင်းတင် | အဖွဲ့ဝင် |
| (၃) | ဦးသန်းထွန်း | အဖွဲ့ဝင် |
| (၄) | ဦးကျော်ကျော်ဖက် | အဖွဲ့ဝင် |
| (၅) | ဦးအောင်စောဝင်း | အဖွဲ့ဝင် |
| (၆) | ဦးသန်းဝင်း | အဖွဲ့ဝင် |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၉ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးခင်မောင်ရီ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၂) | ဦးရွှေလေး | ဆောက်လုပ်ရေးဝန်ကြီးဌာန |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၁၀/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးခက်ထိန်နန် | ကချင်ပြည်နယ် |
| (၂) | ဦးခင်မောင်ဦး(ခ)ဘူးရယ် | ကယားပြည်နယ် |
| (၃) | ဦးစောမြင့်ဦး | ကရင်ပြည်နယ် |
| (၄) | ဦးတဲရင့်စစ်မွိုင်းနီခွဲ | ချင်းပြည်နယ် |
| (၅) | ဒေါက်တာတင်ဒွေး | မွန်ပြည်နယ် |
| (၆) | ဒေါက်တာအောင်ကျော်မင်း | ရခိုင်ပြည်နယ် |
| (၇) | ဒေါက်တာကျော်ထွန်း | ရှမ်းပြည်နယ် |
| (၈) | ဦးမောင်မောင်လင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| (၉) | ဦးတင့်လွင် | မကွေးတိုင်းဒေသကြီး |
| (၁၀) | ဦးမောင်ကို | မန္တလေးတိုင်းဒေသကြီး |
| (၁၁) | ဦးမျိုးဆွေဝင်း | ပဲခူးတိုင်းဒေသကြီး |
| (၁၂) | ဦးတင်အောင် | တနင်္သာရီတိုင်းဒေသကြီး |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၁၁ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်**
**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည်** ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးထွန်းထွန်းဝင်း | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၂) | ဦးအာကာလင်း | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၃) | ဦးခွန်ရဲထွေး | ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၄) | တားသိန်းဇော် | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၅) | ဦးမြင့်ဆွေ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၆) | ဦးညီနပ် | "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း |

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၁၂ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာမောင်မောင်နိုင်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❍ *ကျောဖုံးမှ*

ကျေးရွာနဲ့ အင်းပက်လက်ကျေးရွာ အနီးမှာ မြင်တွေ့နိုင်ပါတယ်။

"ဆောင်းခိုငှက်တွေကို တကူးတက ဖမ်းဆီးသတ်ဖြတ်တာမျိုးတွေကို မမြင်ရပေမယ့် ကုလားမကျွန်းကျေးရွာ မြောက်ဘက်မှာတော့ ပိုက်ကွန်တွေနဲ့ ထောင်ဖမ်းနေတာမျိုးတော့ တွေ့ရတယ်။

"ဆောင်းခိုငှက်တွေကို မဖမ်းဆီးဖို့အသိပညာပေးတာမျိုး၊ ကွင်းဆင်းစစ်ဆေးဆောင်ရွက်တာမျိုးတွေ ပြုလုပ်တာတွေကို ဆောင်ရွက်သင့်ပါတယ်။ ပေါက်ချောင်းကန်ပတ်လမ်းအနီးမှာ မိတ္ထီလာကန်သို့ လာရောက်ကျက်စားတဲ့ ငှက်တွေကို ဖမ်းဆီးသတ်ဖြတ်တာမလုပ်ဖို့ တားမြစ်ထားတဲ့ ဆိုင်းဘုတ်တစ်ခုပဲ တွေ့မြင်မိပါတယ်"ဟု မိတ္ထီလာကန် အနီးတစ်ဝိုက်သို့ နှစ်စဉ် လာရောက်ကျက်စားသော ဆောင်းခိုငှက်များကို ဝါသနာအလျောက် လေ့လာမှတ်တမ်းတင်လေ့ရှိသည့် ပေါက်ချောင်းရပ်ကွက်ဒေသခံ ကိုမျိုးဝင်းအောင်က ပြောသည်။

မိတ္ထီလာတောင်ကန်နှင့် အနီးတစ်ဝိုက်သို့ နှစ်စဉ် လာရောက်ကျက်စားလေ့ရှိသည့် ဆောင်းခိုငှက်များတွင် အညာဒေသ၌ တွေ့မြင်ရခဲ့သည့် ဒေါင်းလန်း ခြေထောက်ကဲ့သို့ ငှက်များလည်းပါဝင်ပြီး နိုဝင်ဘာလဆန်းမှ ဖေဖော်ဝါရီလနှောင်းပိုင်းကာလအထိ မိတ္ထီလာကန်သို့ ဆောင်းခိုငှက်များ လာရောက်ကျက်စားလေ့ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ၂၀၂၁ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့

**ကမ္ဘာ့ရေဝပ်ဒေသများနေ့ကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပလျက်ရှိသည်။ ရမ်ဆာကွန်ဗင်းရှင်းကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ကက်စပီယန်ပင်လယ်ကမ်းခြေရှိ အီရန်နိုင်ငံ ရမ်ဆာမြို့တွင် စတင်ကျင်းပဆောင်ရွက်ခြင်းမှ ကမ္ဘာ့ရေဝပ်ဒေသများနေ့ ကျင်းပနိုင်ရန် စတင်ဆွေးနွေးခဲ့ကြသည်။ ကမ္ဘာ့ရေဝပ်ဒေသများနေ့(World Wetlands Day)ကို ၁၉၉၇ ခုနှစ်မှ စတင်ကာ ကမ္ဘာတစ်ဝန်း ကျင်းပဆောင်ရွက်ခဲ့ကြသည်။**

ကမ္ဘာ့ရေဝပ်ဒေသများနေ့များတွင် ဒေသခံပြည်သူများ၊ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ရေဝပ်ဒေသ၏ ဝန်ဆောင်မှု များသည် လူသားများအပါအဝင် သက်ရှိများအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော ဝန်ဆောင်မှုများကို သိရှိနားလည်ပြီး ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ လှုပ်ရှားမှုများ ဆောင်ရွက်ကြသည်။

## ကမ္ဘာ့ရေဝပ်ဒေသများနေ့

ထိုလှုပ်ရှားမှုများတွင် စကားဝိုင်းများ၊ ဟောပြောပွဲများ၊ ပို့ချချက်များ၊ ပိုစတာပြိုင်ပွဲများ၊ ပညာပေး ဗီဒီယိုများ ပြုလုပ်ခြင်းများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများ၊ ဓာတ်ပုံနှင့် ပညာပေးပြပွဲများနှင့် ရေဒီယိုနှင့် တယ်လီဗီးရှင်းမှ အမေးအဖြေများကို နိုင်ငံအလိုက် ရေဝပ်ဒေသနေရာအနှံ့အပြားတွင် ကျင်းပပြုလုပ်ကြသည်။ ကမ္ဘာ့ရေဝပ်ဒေသ၊ ရမ်ဆာဒေသသတ်မှတ်ခြင်းနှင့် မူဝါဒဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်း ထိုကမ္ဘာ့ရေဝပ်ဒေသများနေ့မှာပင် ထုတ်ပြန်ကြေညာကြသည်။

ကမ္ဘာ့ရေဝပ်ဒေသများနေ့ကို နှစ်စဉ် ရေဝပ်ဒေသများ၏ အရေးကြီးဝန်ဆောင်မှုများကို လူထုအားလုံးသိရှိနိုင်ရန် နှစ်အလိုက် ဦးတည်ရည်မှန်းချက်များ ချမှတ်ကာ ကမ္ဘာတစ်ဝန်း လိုက်နာဆောင်ရွက်ကြသည်။

၂၀၂၁ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့အတွက် ထုတ်ပြန်ထားသော ဦးတည်ရည်မှန်းချက်မှာ Water, Wetland and Life ဖြစ်ပါသည်။ ရေအသက် တစ်မနက် ဆိုရိုးအတိုင်း နေ့စဉ်သက်ရှိတို့သည် ရေချို မရှိမဖြစ် လိုအပ်ပါသည်။ ကမ္ဘာပေါ်တွင် ကုန်းမြေဧရိယာသည် ၂၅ ရာခိုင်နှုန်းနှင့် ရေဧရိယာသည် ၇၅ ရာခိုင်နှုန်း ဖြစ်ပြီး ရေဧရိယာတွင် ရေချိုသည် ၂ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ ရေငန်မှာ ၉၇ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်သည်။ ရေချိုများသည် ကမ္ဘာပေါ်တွင် အခဲအနေဖြင့် အအေးပိုင်းဇုန်တွင်တည်ရှိပြီး အချို့ရေချိုများသည် ရေတွင်း၊ ရေကန်၊ မြစ်၊ ချောင်းနှင့် ဆည်မြောင်းအနေဖြင့် တည်ရှိသည်။ ရေချိုများ၏ ဝ ဒသမ ၃ ရာခိုင်နှုန်းလောက်သာ ကမ္ဘာမြေမျက်နှာပြင်ပေါ်တွင် အရည်အဖြစ် တည်ရှိနေသည်။

## ရေဝပ်ဒေသအဖြစ် သတ်မှတ်

ခြေမျက်စိရေမြုပ်ရုံဖြင့် ကမ္ဘာမြေမျက်နှာပြင်ပေါ်တွင် တည်ရှိနေသောနေရာကို ရေဝပ်ဒေသအဖြစ် သတ်မှတ်သည်။ လမုပင်တောများ၊ ပင်လယ်ကမ်းခြေများသည်လည်း ရေဝပ်ဒေသများပင်ဖြစ်သည်။




ကမ္ဘာပေါ်တွင် လူဦးရေတိုးပွားလာမှုနှင့် ရေကြည်ရာ မြက်နုရာဆိုသည့်အတိုင်း လူတို့သည် မြို့ပြကျေးရွာများကို တည်ထောင်ရာတွင် မြစ်၊ ချောင်း၊ အင်းအိုင်များရှိရာနေရာများကို ရွေးချယ်နေထိုင်ကြပြီး ရေချိုအရင်းအမြစ်များ အလွန်အကျူး ထုတ်ယူသုံးစွဲမှုများကြောင့် ရေချိုဧရိယာများ တဖြည်းဖြည်း လျော့နည်းလာရသည်။ လူသားများမှ ထုတ်ယူသုံးစွဲလိုက်သည့် ရေချိုများကို ပြန်လည်ဖြည့်ပေးနေသည်မှာ ရေဝပ်ဒေသဖြစ်သည်။ လျော့သွားသည့် မြေအောက်ရေများကိုလည်း ရေဝပ်ဒေသများကပင် ပြန်လည်ဖြည့်တင်းပေးသည်။ သစ်တောသစ်ပင်များကလည်း ရေဝပ်ဒေသများ ခန်းခြောက်မှုမရှိအောင် ထိန်းသိမ်းကာကွယ်ပေးသည့်အပြင် ရာသီဥတုကိုလည်း ထိန်းညှိပေးသည်။ ရာသီဥတု သမမျှတပါက မိုးပုံမှန်ရွာသွန်းခြင်းသည် ရေတွင်းရေကန် ဆည်မြောင်းများအား ရေချိုများကို ထောက်ပံ့ပေးထားပြီး ရေကို သိုလှောင်ထားနိုင်ကြသည်။ ရာသီဥတု သမမျှတစေရန် လူသားတို့က ရေဝပ်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်သည်။

## ထောက်ပံ့ပေးလျက်ရှိ

ရေဝပ်ဒေသများသည် လေထုထဲရှိ ကာဗွန်များကို စုပ်ယူပေးခြင်းဖြင့် ရာသီဥတုမျှတစေရန် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ရေဝပ်ဒေသများ ပျက်စီးပါက စုပ်ယူထားသော ကာဗွန်များကို လေထုထဲသို့ ပြန်လည်ထုတ်လွှတ်ပေးသဖြင့် ရေဝပ်ဒေသပျက်စီးလာပါက ရာသီဥတုဖောက်ပြန်မှုများ ဖြစ်စေပြီး မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မိုးသီးကြွေကျခြင်း စသည်တို့ကို ဖြစ်စေပါသည်။ ခြောက်သွေ့ဒေသများတွင် ရေဝပ်ဒေသများ ဆုံးရှုံးလာပါက ရေဝပ်ဒေသကို မှီခိုနေရသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ထိခိုက်စေသည်။ ရေချိုရေဝပ်ဒေသများသည် လူနေမှုစနစ်ကို အဖိုးတန်ဝန်ဆောင်မှုများ ပေးသည့်အပြင် ရေနေသတ္တဝါများ၊ အပင်များ ကောင်းစွာရှင်သန်နိုင်ရန် သဘာဝအလျောက် ထောက်ပံ့ပေးလျက်ရှိသည်။

ထို့ကြောင့် ရေဝပ်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်သလို တစ်ဖက်တွင်လည်း နေ့စဉ်နှင့်အမျှ သုံးစွဲနေသော ရေချိုများကို လူသားများက အလေအလွင့်မရှိစေရန် ထိန်းသိမ်းပြီး စနစ်တကျသုံးစွဲပါက နောင်လာမည့် အနာဂတ်အတွက် ရေချိုရှားပါးမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ယခုအခါတွင် အချို့သော အပူပိုင်းဒေသများတွင် ရေချိုလိုအပ်မှုသည် မြင့်မားလျက်ရှိသည်။ ကုန်ပစ္စည်းနှင့် အသုံးအဆောင်များ ထုတ်လုပ်ရာတွင် ရေကိုတတ်နိုင်သမျှ ချွေတာစွာသုံးသော နည်းပညာများကို တီထွင်နိုင်လျှင် ရေလိုအပ်ချက် အကြီးအကျယ်လျော့ကျလာနိုင်သည်။ မြို့ရေပေးဝေရေးပိုက်များတွင် ပေါက်ပြဲပျက်စီးခြင်းများကို အချိန်မီပြင်ဆင်ခြင်း၊ ရေဘုံပိုင်မှ ရေများကို လိုအပ်သလောက်သာ ဖွင့်သုံးစွဲခြင်း၊ မိုးရွာသွန်းခိုက် မိုးရေများကို အလဟဿ စီးမသွားစေဘဲ မိုးရေလှောင်ကန်များတွင် သိုလှောင်ထားကာ လိုသည့်အချိန်မှ ထုတ်ယူသုံးစွဲခြင်း၊ မြေအောက်သို့ ဖြည်းဖြည်းချင်း ပြန်လည်စိမ့်ဝင်စေခြင်းဖြင့် မြေအောက်ရေကို ပြန်လည်ဖြည့်တင်းစေခြင်းသည် ရေအရင်းအမြစ်ကို အကျိုးရှိစွာ အသုံးချခြင်းဖြစ်သည်။ **ပိန်းဇလုပ်သိန်းညွန့်**

# ချောင်းဦးမြို့၌ မျိုးကောင်းမျိုးသန့်မျိုးစေ့ပြပွဲ ကျင်းပ

**ချောင်းဦး ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့တွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ပုဂ္ဂလိက မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်သူတို့ ပူးပေါင်းပြီး ဒေသနှင့် ကိုက်ညီသည့် မျိုးစေ့ပြပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပသည်။

"ချောင်းဦးမြို့နယ်က သီးနှံစုံလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး မျိုးကောင်းမျိုးသန့်ကို တောင်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲဖို့ စိုက်ပျိုးရေးဦးစီးဌာနက အကျိုးဆောင်တောင်သူအစုအဖွဲ့တွေသာမက ပုဂ္ဂလိက မျိုးကောင်းမျိုးသန့် ထုတ်လုပ်သူတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထွက်ရှိလာတဲ့ မျိုးတွေကို အရည်အသွေးမြင့်မားရေး၊ အဲဒီမျိုးတွေကို တောင်သူတွေ အလွယ်တကူရရှိဖို့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။



မျိုးကောင်းမျိုးသန့်မျိုးစေ့ပြပွဲ ကျင်းပစဉ်။

"ဒီကထုတ်တဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ကို စိုက်ပျိုးလိုတဲ့ အခြားမြို့နယ်တွေက တောင်သူတွေကိုလည်း ချိတ်ဆက်ပေးလျက် ရှိပါတယ်။ စိုက်ပျိုးလိုတဲ့ တောင်သူတွေကိုလည်း လိုအပ်တဲ့ စိုက်ပျိုးရေးနည်းစနစ်တွေ ဖြန့်ဝေပေးဖို့ ရောဂါပိုးမွှားကာကွယ်ရေးတို့ကိုလည်း အသိပညာပေး လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးကပြောသည်။

မျိုးစေ့ပြပွဲတွင် စိုက်ပျိုးရေအခက်အခဲရှိနိုင်သော ဒေသများတွင် စိုက်ပျိုးနိုင်သည့် ရာသီဥတုဒဏ်၊ ပိုးမွှားဒဏ်ခံနိုင်သည့် အရည်အသွေးကောင်းမွန်သည့် မျိုးစေ့များကို သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရန်နှင့် မိရိုးဖလာ ပျိုးကြဲနည်းဖြင့် စိုက်ပျိုးနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

"မိုးရွာသွန်းမှုက နည်းတယ်။ ဆည်ရေကလည်း အလုံအလောက် မရနိုင်တဲ့အတွက် စပါးအစား စိုက်ပျိုးရေရရှိမှုနည်းတဲ့ အခြားသီးနှံပြောင်းပြီး စိုက်ပျိုးနိုင်ဖို့ဆိုရင် အရင်ဆုံးမျိုးစေ့တွေ အလုံအလောက်ရဖို့လိုလာတယ်။ မျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး မျိုးကောင်းမျိုးသန့်မျိုးစေ့တွေကို တောင်သူတွေဆီ ရောက်အောင် မျိုးစေ့ရနိုင်တဲ့ အခြေအနေကို တောင်သူတွေကို သိစေချင်တဲ့အတွက် ဒီပြပွဲကို ကျင်းပရတာ ဖြစ်ပါတယ်" ဟု ပုဂ္ဂလိက မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်သူ ဦးစိုးလင်းအောင်က ပြောသည်။

မျိုးစေ့ပြပွဲတွင် ရာသီဥတုဒဏ်နှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိသော မျိုးကောင်းမျိုးသန့်စပါးမျိုးများ ဖြစ်သော ရောမင်း၊ ရက်(၉၀)၊ ဆင်းသုခ၊ မနောသုခ၊ ပေါ်ဆန်းရင်စပါးမျိုးကိုလည်းကောင်း၊ ဆီထွက်သီးနှံမျိုးကောင်းမျိုးသန့်မျိုးများဖြစ်သော ရေဆင်း- ၈ စပ်မျိုးနေကြာ၊ သိပ္ပံနှမ်းနက်(စမုန်)၊ ပဲမျိုးကောင်းမျိုးသန့်မျိုးများဖြစ်သော ရေဆင်း- ၁၁နှင့် ရေဆင်း- ၁၄ ပဲတီစိမ်းမျိုးများ၊ မတ်ပဲမျိုး (ရေဆင်း-၇) မျိုးများကို ပြသထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မာန်အောင်မြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်ဖြူ ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ မာန်အောင်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးမောင်မောင်လွင်နှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက မာန်အောင်မြို့နယ်၌ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကန်းစွန်းလျှိုပိတ်ဆည်မှ ကျေးရွာရှစ်ရွာသို့ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ ဇလပ်ပြင်ကျေးရွာ (၁၀၀ x ၁၀၀ x ၈ ) ပေ မြေသားရေကန်သစ် တူးဖော်ခြင်းလုပ်ငန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ဇိုင်ပင်ကျေးရွာတွင် စီမံကိန်းချေးငွေများ ထုတ်ချေးနိုင်ရန် ကြိုတင်ဆောင်ရွက်ထားသည့် အစီအမံနှင့် ကျေးရွာစွန့်ပစ် အမှိုက်စီမံကိန်း ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။



မာန်အောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြစဉ်။

မာန်အောင်မြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ ကျေးလက်ဒေသရေရရှိရေးအတွက် ရေလောင်ဆည်မှ ရေပိုက်သွယ်တန်းခြင်းနှစ်ခု၊ မြေသားရေကန်သစ်ကငါးကန်၊ ရေကန်အနက်နှိုက်ခြင်းလုပ်ငန်း ခုနစ်ကန်နှင့် လက်တူးရေတွင်းလေးတွင်း တူးဖော်ခြင်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဘဏ္ဍာနှစ်အတွင်း အပြီးအစီး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရကာ ပြည်ထောင်စု/ပြည်နယ် ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၄၆၉ သန်း ရရှိပြီးဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူးထံက သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပဲခူးခရိုင်အတွင်းရှိ ကျေးရွာ ၅၉၁ ရွာ လျှပ်စစ်မီးရရှိခဲ့ပြီးဖြစ်

**ပဲခူး ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး မြို့နယ်ရှစ်မြို့နယ်မှ ကျေးရွာ ၅၉၁ ရွာကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း ခရိုင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။

ပဲခူးခရိုင်အတွင်း ပဲခူး၊ ကဝ၊ သနပ်ပင်၊ ဝေါ၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ရွှေကျင်၊ ကျောက်တံခါးစသည့် မြို့နယ်ရှစ်မြို့နယ်တွင် လျှပ်စစ်မီးလင်းရန် လိုအပ်သည့် ကျေးရွာ ၁၃၃၇ ရွာရှိရာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် NEP P-1 နှစ်မိုင်တွင်း ကျေးရွာ ၂၁၂ ရွာ၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် မီးလင်းရေး ဆောင်ရွက်သည့်ရွာ ၇၀ ၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ၅၃ ရွာ၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာ၂၅၆ ကို မီးလင်းရေးဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျန်ရှိကျေးရွာများအနက်မှ NEP P-1 နှစ်မိုင်တွင်း ကျေးရွာ ၁၃ ရွာ၊ NEP P-2 သုံးမိုင်တွင်း ကျေးရွာ၂၆၂ ရွာ၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် မီးလင်းရေးဆောင်ရွက်သည့် ရွာလေးရွာ၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ၄၃ ရွာကို လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကန်ပက်လက်မြို့နယ် အောက်ဗွီတုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ကန်ပက်လက် ဖေဖော်ဝါရီ ၂**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွန်ဒုံကျေးရွာအုပ်စု အောက်ဗွီတုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မိတ်ဆက်ရှင်းလင်း ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းအခမ်းအနားကို ယမန်နေ့က အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ထို့နောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးအောင်မြင့်က ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ စီမံချက်များရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသားများက စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ယူထမ်းဆောင်နိုင်မည့် ကော်မတီဝင် ကိုးဦးအား တစ်ဦးချင်းမဲပေး၍ ရွေးချယ်ဖွဲ့စည်းပေးကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များ ပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲခဲ့ပြီး ကျေးလက်ကုန်ထုတ်လမ်း တစ်မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကန်ပက်လက်မြို့နယ်အတွင်း ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် အောက်ဗွီတုံကျေးရွာအပါအဝင် ရှိနော်ကျင်း၊ ခပ်ဒိုင်း၊ ခုတ်၊ ခွဲသာ၊ အောက်ဗွီတုံ၊ ငကြဲကျေးရွာတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**

သက်ရှိကမ္ဘာ ရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပင်လောင်းမြို့နယ်အတွင်း ဘိန်းစိုက်ခင်း ၃၀၉၇ ဧက ဖျက်ဆီး

**နောင်တရား ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်အတွင်း စိုက်ပျိုးထားသည့် သီးပွင့်ဆဲဘိန်းစိုက်ခင်းနှင့်အမြင့်တစ်ပေခန့် ဘိန်းစိုက်ခင်းများကို ဘိန်းခင်းဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်အထိ ဘိန်းစိုက်ခင်းဧက စုစုပေါင်း ၃၀၉၇ ဧက ဖျက်ဆီး ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ဇန်နဝါရီ ၂၇ ရက်တွင် ပင်လောင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သက်အောင်ဦးစီးသော တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု ၂၆ ပင်လောင်းမှ ဒုရဲမှူး မောင်သင်နှင့် ဌာနဆိုင်ရာများ စုစုပေါင်းအင်အား ၈၇ ဦးဖြင့် ပူးပေါင်းအဖွဲ့သည် ကောင်ထိုကျေးရွာ အနောက်ဘက် ငါးမိုင်ခန့်အကွာတွင် အမြင့်နှစ်ပေခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၀ ဧကခန့်နှင့် အမြင့်တစ်ပေခန့် ဘိန်းစိုက်ခင်း ဧက ၂၀ ခန့် စုစုပေါင်းဘိန်းစိုက်ခင်း ဧက ၃၀ ခန့်ကို မြက်ဖြတ်စက် ၁၅ လုံးဖြင့် အသုံးပြု၍ ဖျက်ဆီးကြသည်။

ပင်လောင်းမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ခုနှစ် ဘိန်းဖျက်ရာသီတွင် ဇန်နဝါရီ ၂၇ ရက်အထိ ဘိန်းစိုက်ခင်း ဧက စုစုပေါင်း ၃၀၉၇ ဧက ဖျက်ဆီးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**



# ကိုဗစ် - ၁၉ အလွန်ကာလ မြန်မာပြည်တောင်ဘက်ဖျားမှ ဆလုံ(ခေါ်)မော်ကင်း Sea Gypsies ပင်လယ်ပျော်လူသားမျိုးနွယ်စုများရှိရာ တနင်္သာရီတိုင်းဒေသကြီးဆီသို့

ကျော်စိုး (ကော့သောင်း)

**မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးသည် သဘာဝပတ်ဝန်းကျင်လှပသာယာ၍ ရေသယံဇာတ၊ သစ်တောသယံဇာတ၊ သတ္တုသယံဇာတ၊ ပေါကြွယ်ဝသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်မှာ အထူးပြောစရာ လိုမည်မထင်ပါ။ ထိုတနင်္သာရီတိုင်းဒေသကြီး၏ အစွန်ဆုံး မြို့တစ်မြို့ဖြစ်သည့် ကော့သောင်းမြို့အနီးတစ်ဝိုက် ကျွန်းများတွင် ရှားပါးလူနည်းစု ဆလုံ(ခေါ်) မော်ကင်း “ Mawken” (သို့) Sea Gypsies ခေါ် ပင်လယ်ပျော်လူသားမျိုးနွယ်စုတစ်စု နေထိုင်ကြသည်ဆိုသည်ကို သိသူနည်းမည် ထင်ပါသည်။**



“ဆလုံအမျိုးသားတစ်ဦး၏ အရည်အသွေးကို ကဗန်းလှေ တည်ဆောက်ရာတွင် ကျွမ်းကျင်မှု၊ ရေအောက် သယံဇာတများ ရှာဖွေနိုင်မှု၊ ပင်လယ်ရေစီးကြောင်းနှင့် အဏ္ဏဝါဗေဒ အတတ်ပညာအပေါ်မူတည် အကဲဖြတ်ကြလေ့ရှိပြီး ဆလုံအမျိုးသမီးတို့၏ အရည်အသွေးကိုမူ ခရင်းရှာခြင်း၊ ရိုးရာဖျာရက်လုပ်ခြင်း၊ အိမ်ထောင်မှု ထိန်းသိမ်းနိုင်မှုအပေါ် အကဲဖြတ်ရွေးချယ်လေ့ရှိသည်”

### ပင်လယ်ပျော်တို့ရိုးရာဓလေ့

ငင်းတို့သည် ရှေးနှစ်ပေါင်းများစွာက မလေးကျွန်းများတွင် နေထိုင်ခဲ့ကြပြီး ယခုအခါ မြိတ်၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ် ပင်လယ်အတွင်းရှိ ကျွန်းများတွင် နေထိုင်လျက်ရှိကြသည်။ အဆိုပါဆလုံလူမျိုးများကို မလေးလူမျိုးများက “ဩရန်ဘေဆင်း” ဟု ခေါ်ကြသည်။ ထိုင်းနိုင်ငံဖွား ဆလုံများကို ထိုင်းဘာသာစကားဖြင့် ချောင်နမ်(CHAUNAN) (ရေတွင်ကျက်စားသူများ)ဟု ခေါ်ဝေါ်ကြသည်။ ဆလုံလူမျိုးများကမူ သူတို့ကိုယ်သူတို့ “မော်ကင်း” Mawken လူမျိုးဟု ခေါ်ဝေါ်ကြသည်။

ဆလုံလူမျိုးများသည် ယခင်က တစ်နေရာတည်းတွင် အတည်တကျနေထိုင်လေ့မရှိဘဲ ပင်လယ်အတွင်း “ကဗန်း” ခေါ် လှေဖြင့် ပင်လယ်ရေထွက်ပစ္စည်းများကို ရှာဖွေစုဆောင်းရင်း လှည့်လည်ကျက်စား နေထိုင်ကြကာ လှိုင်းလေ ပြင်းထန်သည့် မိုးရာသီအခိုက်အတန့်တွင်သာ ရေချိုရရှိနိုင်သည့် ကျွန်းများတွင် ယာယီတဲသာသာ အိမ်များဆောက်လုပ်၍ ခေတ္တနေထိုင်ကြသည်။ ယခုအခါတွင်ကား ကျေးရွာအတည်တကျဖြင့် တစုတဝေးတည်း နေထိုင်နေကြပြီဖြစ်သည်။

ဆလုံလူမျိုးများသည် ရေကူး၊ ရေငုပ်ခြင်း အတတ်ကို မွေးရာပါကျွမ်းကျင်လှပေရာ ရေငုပ်ကိရိယာ အကူအညီမပါဘဲ ရေအနက်ပေ ၈၀ အထိ ပျမ်းမျှအချိန် ၁၅ မိနစ်ကြာမြင့်အောင် ငုပ်လျှိုး နေထိုင်နိုင်သည့် ထူးဆန်းအံ့ဖွယ်လူမျိုးနွယ်စုတစ်ခုဖြစ်သည်။ လောဘ၊ ဒေါသ မရှိသလောက်နည်းပါးပြီး ဘာသာအယူဝါဒအရ ရိုးရာနတ် “တူဒါး” ခေါ် ကောင်းကျိုးပေးသော နတ်နှင့် “ကတွိုင်း” ခေါ် ဆိုးကျိုးပေးသောနတ်တို့ ရှိသည်ဟု ယုံကြည်ကြရာ အထူးသဖြင့် ဆိုးကျိုးပေးသော ကတွိုင်းနတ်ကို ကောင်းကျိုးအလို့ငှာ နှစ်စဉ်မြန်မာသင်္ကြန်ပွဲတော်အပြီး ဧပြီလနှောင်းပိုင်းတွင် နတ်ပူဇော်ပွဲကို ပြုလုပ်ကြလေ့ရှိသည်။ နတ်ဆရာသည် ၎င်းတို့၏ အခရာ ဖြစ်သည်။ ပျော်ပွဲ ရွှင်ပွဲများကိုသာမက ဖျားနာသည့်အခါ၊ တစ်ဦးတစ်ယောက်သေဆုံးသည့်အခါတွင် နတ်ဆရာ၏ ပြောဆိုမှုအတိုင်း စပါး၊ ပြောင်း၊ အရက်၊ ပျားရည်၊ ကွမ်း၊ ဘဲသွေးစိမ်း၊ ကြက်၊ လင်းပိုင်၊ ပင်လယ်လိပ်တို့ကို ယဇ်ပူဇော်လေ့ရှိသည်။

### အရည်အသွေးအကဲဖြတ်မှု

ဆလုံအမျိုးသားတစ်ဦး၏ အရည်အသွေးကို ကဗန်းလှေတည်ဆောက်ရာတွင် ကျွမ်းကျင်မှု၊ ရေအောက်သယံဇာတများ ရှာဖွေနိုင်မှု၊ ပင်လယ်ရေစီးကြောင်းနှင့် အဏ္ဏဝါဗေဒ အတတ်ပညာအပေါ်မူတည် အကဲဖြတ်ကြလေ့ရှိပြီး ဆလုံအမျိုးသမီးတို့၏ အရည်အသွေးကိုမူ ခရင်းရှာခြင်း၊ ရိုးရာဖျာရက်လုပ်ခြင်း၊ အိမ်ထောင်မှု ထိန်းသိမ်းနိုင်မှုအပေါ် အကဲဖြတ်ရွေးချယ်လေ့ရှိသည်။

ဆလုံလူမျိုးများသည် ဝတ်စားဆင်ယင်မှုအနေဖြင့် အင်္ကျီဟူ၍ သတ်သတ်မှတ်မှတ် ဝတ်ဆင်လေ့မရှိ။ လုံချည်၊ ထဘီတို့ကို ခါးတွင် စည်းနှောင်ဝတ်ဆင်လေ့ရှိပြီး ချမ်းအေးသောရာသီတွင် လုံချည်၊ ထဘီ အပိုတစ်ထည် ဖြင့်ခြုံကာ နေထိုင်ဝတ်ဆင်လေ့ရှိကြသည်။ ရှေးယခင်ဆလုံအမျိုးသမီးများအနေဖြင့် ရင်သားဗလာဖြင့် သွားလာနေထိုင်ခြင်းကို ရှက်စရာတစ်ခုအဖြစ် မယူဆကြပါ။ ယခုအချိန်တွင် ဤသို့နေထိုင်မှုဓလေ့မှာ မရှိတော့ဘဲ ခေတ်ကာလအလိုက် ယဉ်ကျေးစွာ၊ လုံခြုံစွာ ဝတ်စားဆင်ယင်နေထိုင်ကြပြီ ဖြစ်သည်။ ကလေးငယ်များကို လုံချည်(သို့) ထဘီတစ်ထည်ဖြင့် စည်းနှောင်ချီပိုးထားပြီး လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လေ့ရှိသည်။ ခရုခေါင်းပိတ်များကို အလှဆင်ပစ္စည်းသဖွယ် သဘောထား သီကုံးဝတ်ဆင်လေ့ရှိပြီး ရွှေထည်ဝတ်ဆင်ကြခြင်းကို ကြိုက်နှစ်သက်ကြသည်။

ဆလုံလူမျိုးများသည် ဆောင်းရာသီလှိုင်းလေငြိမ်သက်သည့် ရာသီတွင် ပင်လယ်ရေထွက် သယံဇာတများဖြစ်သည့် ငါး၊ ကင်းမွန်(ပြည်ကြီးငါး)၊ ခရု၊ ကမာ၊ သဘာဝပုလဲ၊ ပင်လယ်မျှော့၊ ကျောက်ခက်ကျောက်ပန်း၊ ငါးကြီးအန်ဖတ်၊ လိပ်ဥ၊ ငှက်သိုက်၊ ပျားရည်ကို ရှာဖွေကာ တာရှည်ခံစေရန် အခြောက်လှန်း ပြုပြင်၊ စုဆောင်းပြီး ရောင်းချစားသောက်နေထိုင်ကြသည်။

### ဆလုံလူမျိုးများ၏ မင်္ဂလာကိစ္စ

ဆလုံလူမျိုးတို့သည် လက်မထပ်ဘဲ လိင်မှုကိစ္စ ကျူးလွန်ခြင်းကို စက်ဆုပ်ရွံရှာစရာကောင်းသောအမှုကိစ္စအဖြစ် သတ်မှတ်ကြလေ့ရှိရာ အချိန်တန် အရွယ်ရောက်လာကြသောအခါ စေ့စပ်တောင်းရမ်းကာ လက်ထပ်နေထိုင်လေ့ရှိကြသည်။ စေ့စပ်ပွဲကို “ မိုင်းပြီးနိန်း” ဟု ဆလုံဘာသာစကားဖြင့် ခေါ်ဝေါ်ပြီး အောင်သွယ်တော်ဖြင့် နားဖောက်ကမ်းလှမ်း၍ လက်ဆောင်ပစ္စည်း အဝတ်အထည်များဖြင့် သတို့သမီးအိမ်သို့ လာရောက်တောင်းရမ်းစေ့စပ်ကြကာ သင့်တော်သောအချိန် ကာလတစ်နေ့တွင် လက်ထပ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြလေ့ရှိသည်။

ထို့အပြင် နှစ်ဖက်မိဘများ သဘောတူညီမှု မရရှိသောစုံတွဲများအနေဖြင့် ခိုးယူပေါင်းသင်းကြသည့် အလေ့အထလည်း ရှိပေသည်။ ခိုးယူပေါင်းသင်းမှုဓလေ့မှာ ထူးကဲပေသည်။ ခိုးယူပေါင်းသင်းပုံမှာ သောင်ပြင်တွင် တန်းစီဆိုက်ကပ်ထားကြသည့် အပျိုကညာရှိရာ လှေအတွင်းမှ လူပျိုဖြစ်သူက လူပျိုပိုင်လှေသို့ အရောက်ခေါ်ငင်သွားလျှင်သော်လည်းကောင်း၊ အပျိုလှေ၏ပဲ့ပိုင်းမှ ဦးပိုင်းအထိ ကျော်လွန်အောင် ပြေးလွတ်သွားလျှင်သော်လည်းကောင်း ခိုးယူပေါင်းသင်းမှု ပြီးမြောက်သည်ဟု လက်ခံကာ နှစ်ဖက်မိဘများမှ လိုက်လံ၍ခွဲခြင်း၊ အဆက်ဖြတ်ခြင်း မပြုကြတော့ကြောင်း လေ့လာသိရှိရပေရာ ထိုဓလေ့သည် တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းများတွင် မကြုံစဖူး ထူးကဲသောဓလေ့ ဖြစ်ပေသည်။

ဆလုံလူမျိုးတို့၏ သေဆုံးခြင်း ဓလေ့သည်လည်း ထူးဆန်းပေသည်။ မိသားစုဝင်တစ်ဦးဦး ကွယ်လွန်သော် ကျန်ရစ်သည့်မိသားစုများမှာ ခေတ္တခဏမျှသာ ငိုကြွေးကြပြီး နာရီပိုင်းအတွင်း အရက်သေစာများ သောက်စားကာ သီဆို ကခုန်ကြလေတော့သည်။ သေဆုံးသူ နောက်ဆံမတင်းစေရန် ပြုမူသည်ဟု လက်ခံယုံကြည်ကြသည်။ သေဆုံးသူအမျိုးသား ဖြစ်ပါက ပင်လယ်ဒီရေတက်ချိန်တွင် သင်္ဂြိုဟ်ကြပြီး အမျိုးသမီးဖြစ်ပါက ပင်လယ်ဒီရေ ကျချိန်တွင် သင်္ဂြိုဟ်လေ့ရှိသည်။ ရှေးယခင်ကာလများက သင်္ဂြိုဟ်မှုပုံစံမှာ သေဆုံးသူအား မြေမြှုပ်သင်္ဂြိုဟ်လေ့မရှိ သောင်ပြင်ရေစပ်တွင် ကျပ်စင်ထိုး၍တင်ကာ သေဆုံးသူပိုင်ဆိုင်သောပစ္စည်းများကို အလောင်းနှင့်အတူ စွန့်ပစ်ထားခဲ့ကြလေ့ရှိသည်။ ရှေးယခင် ဆလုံလူမျိုးများ အယူအဆတစ်ခုမှာ တစ်ဦးတစ်ယောက် သေဆုံးပါက သေဆုံးသည့် ကျွန်းသည် နိမိတ်မကောင်းဟု ယူဆပြီး အသုဘအခမ်းအနားပြီးသည့်နေ့တွင် ထိုကျွန်းကို တစ်ရွာလုံးစွန့်ခွာသွားကြလေ့ရှိကြောင်း လေ့လာသိရှိရပါသည်။

### သဟဇာတကျကျ နေထိုင်လာကြခြင်း

ဆလုံလူမျိုးတို့တွင် တိကျခိုင်မာသော ကိုယ်ပိုင်စာပေဟူ၍ မရှိ၊ ရိုးရာသီချင်းဟူ၍သီးခြားမရှိ၊ ရိုးရာတူရိယာပစ္စည်းဟူ၍ ရှေးယခင်ကာလက သစ်သားပင်စည်ကို ထွင်း၍ ဖွတ်သားရေကျပ်ကာ ရိုးရာဗုံအဖြစ် အသုံးပြုတီးခတ်ကြလေ့ရှိပြီး ယခုအချိန်တွင် ရိုးရာဗုံပြုလုပ်ရန် သားရေ ရရှိနိုင်မှုအခက်အခဲကြောင့် အိမ်အသုံးအဆောင်ရေစည်၊ ဒန်အိုးကြီးများကိုမှောက်၍ ဗုံအဖြစ် အသုံးပြုတီးခတ်ကြသည်။ သီဆိုတီးမှုတ် ကခုန်ခြင်းကိုမူ နှစ်သက်ခုံမင်ကြသည်။ ၎င်းတို့ သီဆိုသည့် သီချင်းသံမှာ မလေးလူမျိုးတို့ သီဆိုသည့်သံစဉ်နှင့် ခပ်ဆင်ဆင်တူပါသည်။ ရိုးရာအကဟူ၍ သတ်သတ်မှတ်မှတ်မရှိ၊ ကခုန်ကြသည့်အခါ လက်ကိုအပေါ်မြှောက်ကာ စည်းဝါးညီညီ ကခုန်လေ့ရှိကြသည်။

ဆလုံလူမျိုးများသည် အမိန့်ပေးခိုင်းစေခြင်း၊ တင်းကျပ်သော စည်းကမ်းချမှတ်ခြင်းများကို မနှစ်သက်ကြပေ။ အတင်းအကျပ်စေခိုင်း ဆောင်ရွက်စေလျှင် ထိုအရပ်မှ အလျင်အမြန်ထွက်ခွာ ပြောင်းရွှေ့သွားတတ်ကြပါသည်။ ယခုအခါ ဆလုံလူမျိုးများမှာ ယခင်တစ်ချိန်ကကဲ့သို့ မဟုတ်ကြတော့၊ လူနှင့် ပတ်ဝန်းကျင်အကြား သဟဇာတကျကျ နေထိုင်တတ်လာကြပြီဖြစ်သည်။

ဆလုံလူမျိုးများအား မြိတ်ကျွန်းစုများဖြစ်သည့် ကော့သောင်းခရိုင်အတွင်းရှိ ဇာဒက်ကြီးကျွန်း၊ လမ်းပိကျွန်း၊ ညောင်ဝိကျွန်း၊ ဂျလန်းကျွန်း၊ ဗိုလ်ချိုကျွန်း၊ မကြုံဂလက်ကျေးရွာနှင့် ကျွန်းစုမြို့နယ်အတွင်းရှိ ဒုန်းကျွန်း၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ လင်နန်းကျွန်းများတွင်သာ တွေ့ရှိနိုင်မည်ဖြစ်သည်။

### လာလည်ဖို့ ဖိတ်ခေါ်ပါသည်

ယခုအခါ ဆလုံလူမျိုးများ နေထိုင်ကျက်စားရာ ကျွန်းရွာများတွင် စီးပွားရှာမည့် အခြားသော ဒေသခံများ လာရောက်အခြေချနေထိုင်မှုများကြောင့် ဆလုံလူမျိုးများ လူနေမှုအဆင့်အတန်း မြင့်မားကာ ခေတ်နှင့်အညီ လူ့ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စွာ နေထိုင်တတ်လာကြသည့် ကောင်းကျိုးများ ရှိသကဲ့သို့ တချို့သော ဝိသမစီးပွားရေးသမားများက ဆလုံများ ခက်ခဲပင်ပန်းကြီးစွာ ရှာဖွေထားသည့် ပင်လယ်ထွက်ပစ္စည်းများ ဈေးပေါစွာ ရရှိနိုင်ရေး ဆလုံများအား အရက်နှင့် မူးယစ်ဆေးဝါးများ သုံးစွဲတတ်လာစေရန် ဆွဲဆောင်စည်းရုံးမှုများကြောင့် ဆလုံလူမျိုးများစွာ တဖြည်းဖြည်းသေဆုံးကုန်ခြင်း၊ မူးယစ်ဆေးဝါး ကျေးကျွန်များဖြစ်ကုန်ခြင်း၊ အခြားလူမျိုးစုအမျိုးသားများ ဆလုံအမျိုးသမီးနှင့် သွေးနှောကာ ဆလုံမျိုးနွယ်စုများ ပျက်ယွင်းမျိုးတုံးပျောက်ကွယ်လာမည့် ဖြစ်စဉ်များ တဖြည်းဖြည်းရင်ဆိုင် ကြုံတွေ့လာနေကြရပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် ခေတ်မီနည်းပညာများ အသုံးမပြုပါဘဲနှင့် ပင်လယ်နှင့် ရေသတ္တဝါများအကြောင်း၊ လက်တွေ့ဆန်စွာ သိရှိကျွမ်းကျင်သော လူမျိုး၊ ပင်လယ်ပျော်များပီပီ ပင်လယ်ကို ချစ်ခင်မြတ်နိုးသောလူမျိုး၊ ပင်လယ်ရှိသော ဒေသများတွင် ဘိုးစဉ်ဘောင်ဆက် နေထိုင်ခဲ့ကြသော လူမျိုး၊ ပင်လယ်နှင့်ဝေးရာသို့ ထွက်ခွာသွားရန် စိတ်ကူးထဲတွင်ပင် မထည့်သည့်လူမျိုး၊ လွတ်လပ်ပျော်ရွှင် အနှောင်အဖွဲ့ကင်းမဲ့စွာဖြင့် အလိုလောဘနည်းပါးပြီး အပူအပင်မဲ့ ရိုးသားစွာ ဘဝကိုဖြတ်သန်းသွားလာ နေထိုင်ကြသော ရှားပါးပျောက်ကွယ်လုနီးပါး မျိုးနွယ်စုတစ်ခုဖြစ်လေရာ ကိုဗစ် - ၁၉ အလွန်ကာလ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာချိန် မည်သည့်အရပ်ဒေသတွင်မျှမရှိသော တနင်္သာရီတိုင်းဒေသကြီးအတွင်းက ထူးခြားသည့် ပင်လယ်ပျော် လူသားမျိုးနွယ်စုဖြစ်သည့် ဆလုံ(ခေါ်)မော်ကင်း “ Mawken” (သို့) Sea Gypsies ခေါ် ပင်လယ်ပျော် လူသားမျိုးနွယ်စုများကို အခါအခွင့်သင့်ပါက လာရောက်လည်ပတ်လေ့လာကြရန် တိုက်တွန်းဖိတ်ခေါ်လိုက်ရပါသည်။ ။

ကျမ်းကိုး ။ ။ နိုင်တာရာ၏ ဆလုံ(သို့) ပင်လယ်ပျော်သူများ

# ပန်းတောင်းမြို့နယ် ညောင်ကျိုးကျေးရွာ ပူးပေါင်းစစ်ဆေးရေးစခန်းနှင့် မှော်ဘီမြို့နယ်တို့တွင် ငွေကျပ် ၇ ဒသမ ၅၉ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၄၉ သန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ကျိုးကျေးရွာ ပူးပေါင်းစစ်ဆေးရေးစခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တို့တွင် ငွေကျပ် ၇ ဒသမ ၅၉ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၀ ဒသမ ၄၉ သန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် ည ၁၀ နာရီခွဲက ပန်းတောင်းမြို့နယ် ညောင်ကျိုးကျေးရွာအနီး ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ပြည်ဘက်မှ တောင်ကုတ်ဘက်သို့ သိန်းဝင်း မောင်းနှင်ပြီး ထွန်းလှိုင် လိုက်ပါလာသည့် Mitsubishi Canter မော်တော်ယာဉ်ကိုစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၄၅ သန်းကျော် သိမ်းဆည်း ရမိခဲ့သည်။

စစ်ဆေးချက်အရ စတင်သယ်ဆောင်လာသည့် မှော်ဘီမြို့နယ် ရေကျော်ကျေးရွာရှိ ရွှေသန်း၏ နေအိမ်ခြံဝင်းကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁ နာရီခွဲတွင် စစ်ဆေးရှာဖွေရာ ရွှေမင်းသိန်း၊ အောင်ကျော်လင်း၊ ဇော်မောင်ဦး (ခ) မောင်မောင်တို့နှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၀၄ သန်း၊ မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ပို့ပေးခဲ့သူများဖြစ်သည့် မြတ်ကိုနှင့် ခိုင်ဦး တို့အား ယင်းနေ့ ည ၇ နာရီတွင် မင်္ဂလာဒုံမြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိ ဟိုတယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀ ၊ အိုက်စ် ၀ ဒသမ ၃ ဂရမ်၊ ဆေးခြောက် ၁ ဂရမ်၊ မော်တော်ယာဉ် ၂ စီး (စုစုပေါင်းငွေကျပ် ၇ ဒသမ ၅၉ ဘီလီယံကျော်) ကိုလည်းကောင်း၊ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက မြင့်ကိုကို အား ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁၀) ခွာညိုလမ်းရှိ နေအိမ်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

တရားခံများအား စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ ရန်ကုန်သို့သယ်ဆောင်ပြီး ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိကာ ကွင်းဆက်တရားခံများ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြစ်ကြီးနား၊ လွိုင်ကော်၊ ရမည်းသင်းနှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၁ ရက် ညနေ ၆ နာရီခွဲက မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်နေ မြင့်မော် (ခ) ခန့်မင်းထွန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဆာလာအိတ်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၂၇ ကီလို ကိုလည်းကောင်း။

ထို့အတူ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လွိုင်ကော်မြို့နယ် ဆောင်ကန်းကျေးရွာ ဆောင်ကန်း ပူးပေါင်းစစ်ဆေးရေးဂိတ်အနီးတွင် နေလင်းထွန်း (ခ) နေဦး မောင်းနှင်ပြီး ဟဲအီ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကို လည်းကောင်း။

ဇန်နဝါရီ ၃၀ ရက် ည ၈ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာနေ နေဇင်လတ် (ခ) စိုးလင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အခန်းရှိ သံသေတ္တာအတွင်းနှင့် ကားဂိုဒေါင်အတွင်းရှိ သံပီပါ အတွင်းတို့မှ ငွေကျပ်သိန်း ၈,၁၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၉,၅၀၀ ကို လည်းကောင်း။

ဖေဖော်ဝါရီ ၁ ရက် နံနက် ၇ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၃) လမ်းမကြီးရှိ ဆီဆိုင်အနီး၌ အငှားယာဉ်ပေါ်သို့ ဆာလာအိတ်များ တင်ဆောင်နေသူ မဆုမွန်အေး၊ ဖွဲ့ထက် (ခ) ဇော်ထက်လင်းရှိန်နှင့် ဝေမင်းအောင်တို့အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဆာလာအိတ်များကို ဖွင့်ဖောက်စစ်ဆေး ရှာဖွေရာ ငရုတ်သီးခြောက်များနှင့် ရောနှောသိုဝှက်ထားသည့် ဆေးခြောက် ၂၇ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၆ စီး၊ သွင်းကုန် ၂၆၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၃၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိပါသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇၇၅ သန်းတန်ဖိုးရှိ တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သော အသုံးပြုပြီး (Used) ပစ္စည်း သုံးမျိုး၊ (က) အသုံးပြုပြီး (Used) အဝတ်လျှော်စက် 5 U၊ ရေခဲသေတ္တာ 5 U နှင့် ပန်းကန်ဆိုဒ်စုံ 250 Kg အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ MMA ကစားသမား ထီရယ်လ်ထန်နှင့် အင်ဒိုနီးရှားကစားသမား ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာ MMA ကစားသမား ထီရယ်လ်ထန်သည် ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပမည့် Unbreakable III အမည်ရပြိုင်ပွဲ၌ ၎င်း၏တွဲဆိုင်းပါဝင်နေပြီး အင်ဒိုနီးရှားကစားသမားနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ONE Championship သည် ဖေဖော်ဝါရီ ၅ ရက်တွင် Unbreakable III အမည်ရပြိုင်ပွဲကို စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး တွဲဆိုင်းစုစုပေါင်း ခြောက်ပွဲ ပါဝင်မည်ဖြစ်သည်။ ထီရယ်လ်ထန်သည် ၂၀၁၉ ခုနှစ်တွင် ONE Championship နှင့် စတင်လက်တွဲခဲ့၍ ယခုပြိုင်ပွဲမှာ တတိယမြောက် ထိုးသတ်သည့်ပွဲလည်းဖြစ်သည်။ ထီရယ်လ်ထန်သည် ၂၀၁၉ ခုနှစ်တွင် ကမ္ဘောဒီးယားကစားသမား ဆာရော့သ်၊ တောင်ကိုရီးယားကစားသမား ကင်မ်တို့နှင့် ထိုးသတ်ခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ ထီရယ်လ်ထန်သည် ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲများထိုးသတ်ရခြင်းမရှိဘဲ ယခုနှစ်မှ ပြန်လည်ထိုးသတ်ရခြင်းဖြစ်သည်။ ထီရယ်လ်ထန်နှင့် ထိုးသတ်မည့် ပေါလ်လူမီဟီသည် MMA ပွဲ ၁၂ ပွဲမြောက် ထိုးသတ်ခြင်းဖြစ်ကာ ပြီးခဲ့သည့် ၁၁ ပွဲတွင် ခုနစ်ပွဲနိုင်၊ လေးပွဲရှုံးနိမ့်ထားသည်။ ပေါလ်လူမီဟီသည် နောက်ဆုံးထိုးသတ်သည့် သုံးပွဲဆက်တိုက်အရေးနိမ့်ထားသည်။ ထီရယ်လ်ထန်နှင့် ပေါလ်လူမီဟီတို့ ထိုးသတ်မည့် Unbreakable III အမည်ရပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ၎င်းတို့ပွဲကို ပထမဆုံးပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။

ညီမြတ်သော်တာ

# မန်စီးတီး၊ လက်စတာ၊ လီဗာပူးတို့ပါဝင်သည့် ပရီမီယာလိဂ် ပွဲစဉ် (၂၂) ယှဉ်ပြိုင်ကစားမည်

မန်စီးတီး၊ လက်စတာ၊ လီဗာပူး စသည့် အသင်းကြီးများပါဝင်သည့် ပရီမီယာလိဂ်ပွဲစဉ် (၂၂) မှ ပွဲစဉ် ငါးပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်များမှာ ဘန်လေနှင့် မန်စီးတီး၊ ဖူလ်ဟမ်နှင့် လက်စတာ၊ လိဒ်စ်နှင့် အဲဗာတန်၊ အက်စ်တွန်ဗီလာနှင့် ဝက်စ်ဟမ်း၊ လီဗာပူးနှင့် ဘရိုက်တန်အသင်းတို့ဖြစ်သည်။ ပရီမီယာလိဂ်ပွဲစဉ် (၂၁) ယှဉ်ပြိုင်ကစားအပြီးတွင် မန်စီးတီးအသင်းက ရမှတ် ၄၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

### ဘန်လေနှင့် မန်စီးတီး

ဘန်လေနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၄ ရက် နံနက် အစောပိုင်းတွင် ဘန်လေအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဘန်လေအသင်းသည် လီဗာပူး၊ ဖူလ်ဟမ်၊ အက်စ်တွန်ဗီလာစသည့် အသင်းများကို သုံးပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့သော်လည်း ချယ်ဆီး အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ ပွဲ ၂၀ ကစားပြီး ရမှတ် ၂၂ မှတ်ဖြင့် အဆင့် (၁၆) နေရာတွင် ရပ်တည်နေသည်။ မန်စီးတီးအသင်းက အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ငါးပွဲစလုံးနိုင်ပွဲ ရရှိထားသည်။ မန်စီးတီးအသင်းသည် ယခု ပွဲစဉ်ပြီးလျှင် အသင်းကြီးများဖြစ်သည့် လီဗာပူး၊ စပါး၊ အာဆင်နယ်စသည့် အသင်းကြီးများနှင့် ဆက်တိုက်ရင်ဆိုင်ကစားသွားရမည်ဖြစ်သည်။

### ဖူလ်ဟမ်နှင့် လက်စတာ

ဖူလ်ဟမ်နှင့် လက်စတာအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၄ ရက် နံနက် အစောပိုင်းတွင် ဖူလ်ဟမ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဖူလ်ဟမ်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ငါးပွဲတွင် ရှုံးပွဲသုံးပွဲနှင့် သရေပွဲနှစ်ပွဲ ကျထားသည်။ ပွဲ ၂၀ ကစားပြီး ရမှတ် ၁၄ မှတ် ဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။ လက်စတာအသင်းက ပွဲ ၂၀ ကစားပြီး ရမှတ် ၃၉ မှတ်ဖြင့် အမှတ်ပေးဇယားအထက်ပိုင်းတွင် ရပ်တည်နေသည့် အသင်းဖြစ်သော်လည်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် လိဒ်စ်အသင်းနှင့်ပွဲစဉ်တွင် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ထို့ကြောင့် လက်စတာအသင်းအနေဖြင့် ဦးဆောင်သူ မန်စီးတီးအသင်းကို ဖိအားပေးနိုင်ရန် အလို့ငှာ ယခုပွဲစဉ်ကို အနိုင်ရရှိအောင် စွမ်းဆောင်သွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

### လိဒ်စ်နှင့် အဲဗာတန်

လိဒ်စ်နှင့် အဲဗာတန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၂ နာရီတွင် လိဒ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ လိဒ်စ်အသင်းသည် နောက်ဆုံးငါးပွဲတွင် စပါး၊ ခရောလေးတောင်း၊ ဘရိုက်တန်စသည့်အသင်းများကို သုံးပွဲဆက်ရှုံးနိမ့်ထားပြီး နယူးကာဆယ်နှင့် လက်စတာစသည့်အသင်းများကို နှစ်ပွဲဆက်ပြန်လည်အနိုင် ရရှိထားသည်။ ၎င်းနှင့်ယှဉ်ပြိုင်ကစားမည့် အဲဗာတန်အသင်းက အနီးစပ်ဆုံးယှဉ်ပြိုင်ကစားထားသည့် နယူးကာဆယ်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးပြတ် ရှုံးနိမ့်ထားသည့်အတွက် ယခုပွဲစဉ်ကို အနိုင်ရရှိရန် ကြိုးပမ်းလာဖွယ်ရှိနေသည်။

### အက်စ်တွန်ဗီလာနှင့် ဝက်စ်ဟမ်း

အက်စ်တွန်ဗီလာနှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် ဗီလာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းသည် နောက်ဆုံးငါးပွဲတွင် သုံးပွဲအထိ ရှုံးနိမ့်ထားသည့်အတွက် ခြေစွမ်းအကျဘက်ရောက်နေသည်ဟု ဆိုရပေမည်။ ဝက်စ်ဟမ်းအသင်းကတော့ နောက်ဆုံးငါးပွဲတွင် လီဗာပူးအသင်းကိုသာလျှင် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားပြီး ကျန်လေးပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ အဆိုပါ နှစ်သင်း၏ ရမှတ်ကွာဟမှုမှာ သုံးမှတ်သာရှိနေသည့်အတွက် ပွဲမှာ အကြိတ်အနယ်ရှိလာ မည်ဖြစ်သည်။

### လီဗာပူးအသင်းနှင့် ဘရိုက်တန်

လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် လီဗာပူးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လီဗာပူးအသင်း၏ အမှတ်ပေးဇယားရပ်တည်မှုကို ကြည့်လျှင် ၂၁ ပွဲ ကစားပြီး ရမှတ် ၄၀ ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နေသည်။ ဘရိုက်တန်အသင်းက ၂၁ ပွဲကစားပြီး ၂၁ မှတ်ဖြင့် တန်းဆင်း ဇုန်အထက်နားတွင် ရပ်တည်နေသည်။ ထို့ကြောင့် အမှတ်ပေးဇယား ထိပ်မှ လီဗာပူးအသင်းနှင့် အမှတ်ပေးဇယား အောက်ပိုင်းမှ ဘရိုက်တန်အသင်းတို့ပွဲသည် ကြည့်ကောင်းသည့် ပွဲကောင်းတစ်ပွဲဖြစ်လာဖွယ်ရှိနေသည်။ ထို့ကြောင့် တန်းဆင်းဇုန်ဖိအားရှိနေသည့် ဘရိုက်တန်အသင်းအနေဖြင့် လီဗာပူးအသင်းကို အနိုင်ရရှိသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

အောင်ဇော်

# အမေရိကန်က မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုများ ပိုမိုပြုလုပ်ရန် စဉ်းစားနေ



**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

မြောက်ကိုရီးယားနိုင်ငံအရေးနှင့် ပတ်သက်သည့် အမေရိကန်၏မူဝါဒကို ပြန်လည်စဉ်းစား သုံးသပ်လျက်ရှိပြီး နောက်ထပ် အရေးယူပိတ်ဆို့မှုများ ပိုမိုပြုလုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်က ပြောကြားသည်။

ဖေဖော်ဝါရီ ၁ ရက်က အင်န်ဘီစီသတင်းနှင့်ပြုလုပ်ခဲ့သည့် အင်တာဗျူး၌ ဘလင်ကင်က ထိုသို့မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။

သမ္မတဒေါ်နယ်ထရမ့်လက်ထက်က ထရမ့်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် သုံးကြိမ်တိုင်တိုင် ထိပ်သီးအစည်းအဝေးများ ပြုလုပ်ခဲ့သော်လည်း မြောက်ကိုရီးယားက နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကို တိုးချဲ့လုပ်ဆောင်ခဲ့ကြောင်း ၎င်းကပြောသည်။

သမ္မတသစ် ဂျိုးဘိုင်ဒင်၏ ညွှန်ကြားချက်အောက်တွင် မိမိတို့အနေဖြင့် ပထမဆုံးလုပ်ဆောင်မည့်အရာမှာ မူဝါဒဆိုင်ရာ ပြန်လည်သုံးသပ်မှုဖြစ်ကြောင်း ဘလင်ကင်က ပြောသည်။

ဂျိုးဘိုင်ဒင်အနေဖြင့် ခေါင်းဆောင်ကင်နှင့်တွေ့ဆုံဆွေးနွေးရန် အခြေအနေနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာတွင် တိကျသည့်အဖြေကို မပေးခဲ့ကြောင်း၊ သို့ရာတွင် အစိုးရအဖွဲ့အနေဖြင့် နောက်ထပ်အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်ခြင်း၊ လုပ်ဖော်ကိုင်ဖက် မဟာမိတ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအပါအဝင် ရနိုင်သမျှ နည်းလမ်းများကို ပြန်လည်စဉ်းစားသုံးသပ်မှုများ စတင်ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



တောင်အာဖရိကသို့ ပထမဆုံးရောက်ရှိလာသည့် ကာကွယ်ဆေးများကို သယ်ဆောင်နေကြစဉ်။

# တောင်အာဖရိကသို့ ပထမဆုံး ကိုဗစ် – ၁၉ ကာကွယ်ဆေးရောက်ရှိ

**ကိတ်ပ်တောင်း ဖေဖော်ဝါရီ ၂**

တောင်အာဖရိကသို့ ပေးပို့သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးများ ပထမဆုံးအကြိမ်အဖြစ် တောင်အာဖရိကသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် တောင်ဖရိကနိုင်ငံသည် အာဖရိကတစ်လွှားတွင် ကိုဗစ် -၁၉ ဆိုးရွားစွာ ကူးစက်ခံနေရသည့်နိုင်ငံလည်း ဖြစ်သည်။

တောင်အာဖရိကတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၁ ဒသမ ၄၅ သန်းကျော် ရှိနေပြီဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းမှစတင်ကာ ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှု တောင်အာဖရိကနိုင်ငံတွင် ပထမဆုံး တွေ့ရှိခဲ့ပြီး ယင်းကူးစက်မှုများသည် ဆက်လက် ပျံ့နှံ့နေဆဲဖြစ်သည်။

ဖေဖော်ဝါရီ ၁ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများရောက်ရှိလာမှုကို တောင်အာဖရိက သမ္မတ ဆီရယ်ရမ်မာဖိုဆာက ကြိုဆိုခဲ့ပြီး ဂျိုဟန်နစ္စဘတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကာကွယ်ဆေးများ ရောက်ရှိလာခြင်း ဖြစ်သည်။

ရောက်ရှိလာသည့် ကာကွယ်ဆေးတစ်သန်းမှာ အက်စ်ထရာဇနီကာနှင့် အိန္ဒိယ ဆီရမ်အင်စတီကျုမှ ထုတ်လုပ်သော ကာကွယ်ဆေးများဖြစ်သည်။ ပထမအသုတ်တွင် ကျန်းမာရေးလုပ်သားများကို ဦးစားပေးကာ ထိုးပေးမည်ဟု သိရသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးရယူရေး အစီအစဉ်ဖြစ်သည့် ကိုဗက်အစီအစဉ်မှလည်း ကာကွယ်ဆေးများ ထပ်မံရရှိသွားရန်ရှိသည်။

ကိုဗက်အစီအစဉ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် အခြားသော အလှူရှင်များ ပူးပေါင်းထားပြီး ပါဝင်သည့်နိုင်ငံများကို ကိုဗစ် – ၁၉ ကာကွယ်ဆေး ညီညီမျှမျှ ဖြန့်ဝေပေးရန်ပင် ဖြစ်သည်။

သို့သော်လည်း တောင်အာဖရိကနိုင်ငံသည် ရည်မှန်းထားသည့်အတိုင်း လူဦးရေသန်း ၄၀ အား ကာကွယ်ဆေးထိုးပေးနိုင်မည်ဟု မမျှော်လင့်ထားချေ။

ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများအကြားတွင် ကာကွယ်ဆေးဖြန့်ဖြူးမှုနှင့် ကာကွယ်ဆေးရရှိမှုတို့တွင် ကွာဟချက် ရှိနေဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ဆေးစစ်ချက်အတုများကို ဥရောပသမဂ္ဂ ရဲအေဂျင်စီက သတိပေး

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂**

ဥရောပတစ်လွှား လေဆိပ်များနှင့် အွန်လိုင်းပေါ်တွင် ကိုဗစ် -၁၉ ကင်းစင်ကြောင်း ဆေးစစ်ချက် အတုများကို ရောင်းချနေကြသည်ဟု ဥရောပသမဂ္ဂ ရဲအေဂျင်စီက သတိပေးခဲ့သည်။

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မသမာသူများက ရောင်းချသည့် ကိုဗစ် – ၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်အတုများကို နိုးနိုးကြားကြားရှိကြရန် ဥရောပသမဂ္ဂရဲအေဂျင်စီက သတိပေးထားသည်။ တိုင်းပြည်အတွင်းသို့ မဝင်ရောက်မီ ကိုဗစ် -၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ပြသရန် တောင်းဆိုသည့် ဥရောပသမဂ္ဂ အဖွဲ့ဝင် နိုင်ငံအရေအတွက်မှာ များပြားလာသည်။

ပြင်သစ်နိုင်ငံရှိ ချားလ်ဒီဂေါ လေဆိပ်တွင် ခရီးသွားများအား ဆေးလက်မှတ်အတုတစ်စောင်လျှင် အမေရိကန်ဒေါ်လာ ၁၈၀မှ ၃၆၀ ကြားတွင် ရောင်းချနေသည့် လိမ်လည် အတုပြုလုပ်သူများအား တွေ့ရှိခဲ့သည်ဟု ဥရောပသမဂ္ဂအဖွဲ့ကြီး၏ ရဲအေဂျင်စီက ပြောသည်။ ဗြိတိန်နိုင်ငံတွင်လည်း အထောက်အထားအတုများပေါ်တွင် ဓာတ်ခွဲခန်း တံဆိပ်တပ်ရန် ပြုလုပ်ပြီး ဒေါ်လာ ၁၄၀ ဖြင့် ရောင်းချနေသည့်လူလိမ်များ တွေ့ရှိခဲ့သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

စပိန်နှင့် နယ်သာလန်နိုင်ငံတို့တွင် ဆေးစစ်ချက်အတုများကို အွန်လိုင်းပေါ်မှတစ်ဆင့် ရောင်းချနေသည်ကိုတွေ့ခဲ့ရကြောင်း သိရသည်။

လိမ်လည်သူများသည် အရည်အသွေးမြင့်သည့် ပစ္စည်းနှင့် ဆော့ဖ်ဝဲလ်များ အသုံးပြုကာ အထောက်အထားအတုများကို ပြုလုပ်နေကြကြောင်း ဥရောပသမဂ္ဂအဖွဲ့ကြီး၏ ရဲအေဂျင်စီမှ ပြောသည်။ **အင်န်အိတ်ချ်ကေ**




ပြင်သစ်နိုင်ငံ နိစ် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကိုဗစ် -၁၉ ဆေးစစ်ရန် နေရာကိုလမ်းညွှန်ထားသည့် ဆိုင်းဘုတ်ကို တွေ့ရစဉ်။

# ကိုဗစ် – ၁၉ ကာကွယ်ဆေး တင်ပို့မှုအတွက် ဥရောပသမဂ္ဂ၏ အကူအညီကို ဂျပန်တောင်းဆို

**တိုကျို ဖေဖော်ဝါရီ ၂**

ဥရောပသမဂ္ဂအဖွဲ့ကြီးမှ ကိုဗစ်–၁၉ ကာကွယ်ဆေး လုံလောက်သည့် ပမာဏရရှိရေးအတွက် ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုများတွင် အတူတကွပူးပေါင်းပါဝင် ဆောင်ရွက်ရန် ဂျပန်နိုင်ငံက ဥရောပသမဂ္ဂကို တောင်းဆိုလိုက်ကြောင်း သိရသည်။

ဂျပန်နိုင်ငံမှ ဝန်ကြီးများနှင့် ဥရောပသမဂ္ဂအဖွဲ့ကြီးတို့သည် ဖေဖော်ဝါရီ ၂ ရက်က ဗီဒီယိုကွန်ဖရင့်အစည်းအဝေး ကျင်းပခဲ့သည်။ အစည်းအဝေး၌ ၂၀၁၉ ခုနှစ်တွင် စတင် အသက်ဝင်ခဲ့သည့် စီးပွားရေးဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အပေါ် အခြေခံသည့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း ထုတ်လုပ်ထားသည့် ကိုဗစ်–၁၉ ကာကွယ်ဆေးများကို တင်ပို့ကုန်ဆိုင်ရာ ထိန်းချုပ်မှုများ ဆောင်ရွက်ကြောင်း အဖွဲ့ကပြီးခဲ့သည့်လက ကြေညာခဲ့သည်။

ဥရောပမဟုတ်သည့် ဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချမည့် ကာကွယ်ဆေးထုတ်လုပ်သူများသည် ယခုအခါ ကာကွယ်ဆေးကို မည်သည့်နေရာများသို့ တင်ပို့မည်ဖြစ်ကြောင်း ကြေညာရမည်ဖြစ်ကာ ထုတ်လုပ်မှု တိုးမြှင့်ရာတွင် ခွင့်ပြုချက်ရယူရမည် ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တင်းကျပ်သည့် ကပ်ရောဂါကာကွယ်ရေး အစီအမံများဖြင့် ထိုင်းနိုင်ငံရှိ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပြု

**ဘန်ကောက် ဖေဖော်ဝါရီ ၂**

ထိုင်းနိုင်ငံတွင် ကိုဗစ်–၁၉ ကပ်ရောဂါနောက်ဆုံးကူးစက်ဖြစ်ပွားခဲ့သော စမတ်ဆာခွန်ပြည်နယ်မှအပ တစ်နိုင်ငံလုံးရှိ ကျောင်း အများစုကို ကပ်ရောဂါကြိုတင်ကာကွယ်ရေးအစီအစဉ်များဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ဘန်ကောက်မြို့တော်အပါအဝင် ခရိုင် ၂၇ ခုရှိ ပုဂ္ဂလိကနှင့် အစိုးရစာသင်ကျောင်းများအားလုံးအပြင် ပညာရေးဌာနများကို ဖေဖော်ဝါရီ ၁ ရက်မှစပြီး ကျောင်းတွင်း သင်ကြားရေး ပြန်လည်ပြုလုပ်ရန် ခွင့်ပြုပေးခဲ့သည်။

လွန်ခဲ့သောနှစ် ဒီဇင်ဘာလလယ်ပိုင်းက ပင်လယ်စာရောင်းချသော ဈေးတစ်ခုတွင် ကပ်ရောဂါကူးစက်ပျံ့နှံ့မှု နောက်ဆုံးဖြစ်ပေါ်ခဲ့ရာ စမတ်ဆာခွန်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများကို ပိတ်ထားဆဲဖြစ်ကြောင်း သိရသည်။

နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် အရက်ပြန်ပါသော လက်သန့်ဆေးရည်များဖြင့် ဆေးခြင်းကဲ့သို့သော ကပ်ရောဂါကြိုတင်ကာကွယ်ရေးစည်းမျဉ်း၊ စည်းကမ်းများ တင်းကျပ်စွာချမှတ်ကာ စာသင်ခန်းတစ်ခုတွင် ကျောင်းသား ၂၅ ဦးထက်မပိုစေဘဲ သင်ကြားရမည်ဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်ပေါင်း ၃၂ ခုတွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ ၄၇၀ကျော်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်ပေါင်း ၃၂ ခုတွင် ဇန်နဝါရီ ၃၁ ရက်အထိ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ ၄၇၀ ကျော်ရှိခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ နောက်ဆုံး ထုတ်ပြန်သော သတင်းအချက်အလက်များအရ သိရသည်။

ကူးစက်ဖြစ်ပွားသူ ၄၆၇ ဦးမှာ ဗြိတိန်နိုင်ငံတွင် ပထမဆုံးတွေ့ရှိခဲ့သော အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် ဘီဝမ်းဝမ်းဆဲဗင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ကူးစက်ဖြစ်ပွားသူ သုံးဦးမှာ တောင်အာဖရိကတွင် တွေ့ရှိခဲ့သော အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ကြောင့်ဖြစ်ပြီး ဘီဝမ်းသရီးဖိုက်ဝမ်းကြောင့် ဖြစ်ကြောင်း သိရသည်။ နောက်ထပ်တစ်ဦးမှာ ဘရာဇီးနိုင်ငံတွင် ဖြစ်ပွားခဲ့သော အစောဆုံးဖြစ်ပွားခဲ့သည့် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်တစ်မျိုးဖြစ်သည့် ပီဝမ်းကြောင့် ဖြစ်ကြောင်း သိရသည်။

အမျိုးသား ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်ဖြန့်ချိမှုတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရချိန်တွင် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ ပိုမိုဖြစ်ပွားလာမည့်အရေးကို ကျန်းမာရေးကျွမ်းကျင်သူများက စိုးရိမ်လျက်ရှိကြသည်။

ဇန်နဝါရီလသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှု အများဆုံးဖြစ်ပွားခဲ့သည့်လဖြစ်ပြီး ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ ၉၅၀၀၀ ရှိခဲ့ပြီး ဒီဇင်ဘာလတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၇၇၀၀၀ ထက် ကျော်လွန်ခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်လိုက်သောစာရင်းများအရ သိရသည်။

ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က ၁၅ မိနစ်အတွင်း စစ်ဆေးနိုင်မည့် ကိုဗစ်-၁၉ စစ်ဆေးရေးကိရိယာကို တိုးတက်ထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ သန်း ၂၃၀ သဘောတူညီမှုတစ်ခုကို ဖေဖော်ဝါရီ ၁ ရက်က ကြေညာခဲ့သည်။

ဒီဇင်ဘာလက အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနက ဩစတြေးလျကုမ္ပဏီဖြစ်သော အီလူမီ၏ ကိုဗစ်-၁၉ စမ်းသပ်ကိရိယာကို အရေးပေါ်သုံးစွဲခွင့်ပြုခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ဖေဖော်ဝါရီ ၁ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆ ဒသမ ၂၁ သန်းရှိပြီး သေဆုံးသူ ၄၄၁၇၀၀ ရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ စာရင်းများအရ သိရသည်။ **ဆင်ဟွာ**



ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးသည့်နေရာကို တွေ့ရစဉ်။

## အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး အခြေအနေကောင်းသည့်ဘက်သို့ တိုးတက်ဖြစ်ပေါ်လာသောကြောင့် အီတလီနိုင်ငံရှိ ဒေသပေါင်း ၂၀ တွင် ကန့်သတ်ပိတ်ဆို့မှုများ ဖယ်ရှားပေးခဲ့

**ရောမ ဖေဖော်ဝါရီ ၂**

အီတလီနိုင်ငံတွင် နောက်ဆုံးကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး အခြေအနေသည်အကောင်းဘက်သို့ တိုးတက်ဖြစ်ပေါ်လာခဲ့သောကြောင့် အီတလီနိုင်ငံ၏ ဒေသပေါင်း ၂၀ ခုတွင် ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ဆီစီလီ၊ ဆာဒီနီယာ၊ အပူလီယာနှင့် အမ်ဘရီယာတို့အပြင် အရှေ့မြောက်ပိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ဖြစ်သော ဘော်ဇာနိုတို့သည် အဝါရောင်အဆင့် သတ်မှတ်ခံထားရကြောင်းနှင့် ယင်းအဝါရောင်အဆင့် သတ်မှတ်ခြင်း အဓိပ္ပာယ်မှာ ကူးစက်မှုအလယ်အလတ်အဆင့် စိုးရိမ်မှုများနှင့် ရင်ဆိုင်နေရသေးကြောင်း ဖော်ပြသည်။

တခြားပြည်နယ်နှင့် ဒေသများတွင် အဝါရောင်အဆင့်သတ်မှတ်လိုက်ပြီး အဆိုပါဒေသများတွင် စားသောက်ဆိုင်များ၊ ဘားများနှင့် တခြားစားသောက်ဖွယ်ရာရောင်းချမှုများကို ညနေ ၆ နာရီအထိ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

နိုင်ငံတွင်းရှိ မည်သည့်ပြည်နယ် ဒေသမှ အနီရောင်အဆင့်သတ်မှတ်ခြင်းမရှိတော့ကြောင်း သိရသည်။

အဆင့်သုံးဆင့်ဖြစ်သည့် အနီရောင်၊ လိမ္မော်ရောင်နှင့် အဝါရောင်ဇုန်များ သတ်မှတ်ခြင်းကို နိုဝင်ဘာအစောပိုင်းက ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်အခြေအနေအလိုက် အဆင့် သတ်မှတ်ထားခြင်းဖြစ်ပြီး အမြင့်ဆုံး၊ အလယ်အလတ်နှင့် အနည်းဆုံးအဆင့်တို့ဖြစ်ကြသည်။

နိုင်ငံတစ်ဝန်း ည ၁၀ နာရီမှ နံနက် ၅ နာရီအထိ ညမထွက်ရအမိန့်ကို ဆက်လက်ပြဋ္ဌာန်းထားသေးကြောင်း၊ ဒေသတွင်း ခရီးသွားလာမှုများကို တားဆီးကန့်သတ်ထားကြောင်း သိရသည်။ သို့သော်လည်း အလုပ်ကိစ္စ၊ ကျန်းမာရေးနှင့် အရေးပေါ်ကိစ္စများအတွက်မူ ခွင့်ပြုထားကြောင်း သိရသည်။

အဝါရောင်အဆင့် သတ်မှတ်ထားသော ပြည်နယ်နှင့်ဒေသများတွင် သူငယ်တန်းကျောင်းများနှင့် ယင်းအထက် စာသင်ကျောင်းများကို ဖေဖော်ဝါရီ ၁ ရက်မှစကာ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ၇၀ မှ ၇၅ ရာခိုင်နှုန်းအထိ ကျောင်းပြန်တက်ရန် ခွင့်ပြုခဲ့သည်။ တခြားသူများမှာ အဝေးမှစာသင်သည့်စနစ်ဖြင့်ဆက်လက်လေ့လာသွားရဦးမည် ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ပြတိုက်များ၊ အနုပညာပြခန်းများကို ဖေဖော်ဝါရီ ၁ ရက်တွင် လူမှုဝေးကွာစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ **ဆင်ဟွာ**



အီတလီနိုင်ငံ ရောမမြို့ရှိ စိန့်အန်ဂလိုအဆောက်အအုံရှေ့တွင် ပြည်သူများ နှာခေါင်းစည်းဖြင့် သွားလာနေကြသည်ကို တွေ့ရစဉ်။

## ဖေဖော်ဝါရီနှောင်းပိုင်းတွင် အီရတ်နိုင်ငံသို့ ကိုဗစ် - ၁၉ ကာကွယ်ဆေး သုံးသန်းရောက်ရှိမည်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂**

ယခုလနှောင်းပိုင်းတွင် အီရတ်နိုင်ငံသို့ ကိုဗစ် – ၁၉ ကာကွယ်ဆေး သုံးသန်းရောက်ရှိမည်ဟု အီရတ်ကျန်းမာရေးဝန်ကြီး ဟတ်ဆန်အယ်တာမီမီက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ၊ ဆေးကုမ္ပဏီများနှင့် အီရတ်ကျန်းမာရေးဝန်ကြီးဌာနတို့၏ ကြိုးပမ်းမှု အထူးသဖြင့် အမျိုးသားဆေးရွေးချယ်ရေးအဖွဲ့တို့၏ ထောက်ခံမှုဖြင့် အီရတ်နိုင်ငံသို့ကာကွယ်ဆေးများ ရောက်ရှိလာမည်ဟု ကျန်းမာရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ အီရတ်နိုင်ငံသို့ ယခုလကုန်ပိုင်းတွင် ကိုဗစ် –၁၉ ကာကွယ်ဆေး ၂ ဒသမ ၅ သန်းမှ သုံးသန်းအထိ ရောက်ရှိမည်ဟု အီရတ်ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။

သို့သော်လည်း မည်သည့်ကာကွယ်ဆေး အမျိုးအစားဖြစ်သည်ကိုမူ ရှင်းလင်းပြောဆိုခဲ့ခြင်းမရှိပေ။ ကျန်းမာရေးဝန်ထမ်း၊ ဆေးလုပ်သား၊ လုံခြုံရေးအရာရှိများနှင့် အသက် ၅၀ အထက် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါအခံရှိသူများအား ဦးစားပေးထိုးနှံပေးမည်ဟု သိရသည်။

ယခင်ကလည်း အီရတ် အမျိုးသားဆေးရွေးချယ်ရေးအဖွဲ့သည် ဖိုက်ဇာ–ဘိုင်ရွန်တက်ခ်ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်အတွက် အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

ဖေဖော်ဝါရီ ၁ရက်တွင် အီရတ်နိုင်ငံ၌ နောက်ထပ် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၉၈၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရသူ စုစုပေါင်းမှာ ၆၂၀၆၂၀ အထိ ရှိလာသည်။

သေဆုံးသူ နောက်ထပ် ၁၀ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၁၃၀၅၇ ဦးရှိလာသည်။ ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ လူပေါင်း ၅၆၆၁၀၄၇ ဦးအား ဆေးစစ်မှု လုပ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကာတာနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၈၅ ဦး ထပ်မံတွေ့ရှိ

**ဒိုဟာ ဖေဖော်ဝါရီ ၂**

ကာတာနိုင်ငံတွင် ဖေဖော်ဝါရီ ၁ ရက်က နောက်ထပ် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၈၅ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု ကာတာကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ထို့ကြောင့် ပင်လယ်ကွေ့နိုင်ငံဖြစ်သည့်ကာတာနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူစုစုပေါင်းမှာ ၁၅၁၇၂၀ ရှိလာပြီဟု သိရသည်။ ပြန်လည်ကျန်းမာလာသူ ၁၄၇ ဦး တိုးလာသည့်အတွက် စုစုပေါင်းပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၁၄၅၉၅၃ ဦးအထိရှိလာပြီဟု သိရသည်။

ကိုဗစ် –၁၉ နှင့်ဆက်စပ်ပြီး နောက်ထပ်တစ်ဦးသေဆုံးခဲ့ရာ သေဆုံးသူစုစုပေါင်းမှာ ၂၄၉ ဦး ရှိလာပြီဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကာတာနိုင်ငံတွင် ကိုဗစ် –၁၉ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ယခုအချိန်အထိလူပေါင်း ၁၃၉၃၆၃၀ အား ကိုဗစ် –၁၉ ရှိ မရှိ ဆေးစစ်မှုလုပ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## နည်းပညာ ကုမ္ပဏီများအနေဖြင့် သတင်းအသုံးပြုခြင်းအတွက် အခကြေးငွေပေးရန် ဥပဒေတစ်ရပ်ကို ဩစတြေးလျပြဋ္ဌာန်းမည်

**ကင်ဘာရာ ဖေဖော်ဝါရီ ၂**

ဂူဂဲလ်ကဲ့သို့ နည်းပညာကုမ္ပဏီများအနေဖြင့် သတင်းများအသုံးပြုမှုအတွက် သတင်းမီဒီယာအဖွဲ့အစည်းများသို့ အခကြေးငွေပေးအပ်ရန် ရည်ရွယ်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် ဩစတြေးလျအစိုးရက ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြင်ဆင်မှုကို နည်းပညာကုမ္ပဏီများက ပြင်းပြင်းထန်ထန်ကန့်ကွက်နေကြောင်း သိရသည်။ အင်တာနက်အသုံးပြုမှု တွင်ကျယ်လာချိန်တွင် သတင်းမီဒီယာကုမ္ပဏီများသည် ကြော်ငြာကဏ္ဍ ကျဆင်းလာပြီး လုပ်ငန်းထိခိုက်မှုများ ဖြစ်ပေါ်လာကြောင်း အစိုးရကပြောသည်။

အဆိုပါ ဥပဒေကြမ်းကို ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ပါလီမန်လွှတ်တော်၌ စတင်မိတ်ဆက်ခဲ့သည်။ အဆိုပါဥပဒေအရ နည်းပညာကုမ္ပဏီများသည် ရှာဖွေရေးရလဒ်များနှင့် new feeds ထည့်သွင်းမှုများအတွက် ပေးရမည့် အခကြေးငွေကို ဒေသရှိ မီဒီယာကုမ္ပဏီများနှင့် ညှိနှိုင်းရမည်ဖြစ်ကြောင်း သိရသည်။

အကယ်၍ နှစ်ဖက်စလုံးက သဘောတူညီမှုရအောင် မလုပ်နိုင်ခဲ့လျှင် အစိုးရကခန့်ထားသည့် ခုံသမာဓိက အဆုံးအဖြတ်ပေးမည် ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အသွင်ပြောင်း ကိုဗစ်ဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့နေချိန်မှာ အီးယူက ကာကွယ်ဆေးကို လျင်လျင်မြန်မြန် ဖြန့်ချိနိုင်ရေးလုပ်ဆောင်

**ထွန်းသစ်စ**



မက်ဆာချူးဆက်၊ ဘော်စတွန်တွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် ပြင်ဆင်နေစဉ်။

**❒ ဂျာမနီရဲ့ ဘိုင်ရွန်တက်ခ်နဲ့ သူ့ရဲ့အမေရိကန်မိတ်ဖက် ကာကွယ်ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီဖြစ်တဲ့ ဖိုက်ဇာတို့ကတော့ ကာကွယ်ဆေးထုတ်လုပ်မှုမှာ တိုးတက်မှုတွေ ရှိလာတဲ့အတွက် အလျင်အမြန် ကာကွယ်ဆေး ထောက်ပံ့ပေးနိုင်မှာ ဖြစ်တယ်လို့ ပြောကြားလိုက်ပြီး နွေဦးရာသီမှာ ကာကွယ်ဆေး ၇၅ သန်း ပေးပို့နိုင်မယ်လို့ ဆိုထားပါတယ်။**

အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေတာကြောင့် ဥရောပသမဂ္ဂဟာ ကာကွယ်ဆေးထုတ်လုပ်ဖြန့်ချိမှုတွေကို လျင်လျင်မြန်မြန် လုပ်ဆောင်ဖို့ ရည်ရွယ်ချက်ထား လုပ်ဆောင်လျက်ရှိပါတယ်။ ဒါပေမယ်လည်း အီးယူဟာ လတ်တလောမှာ အခက်အခဲနဲ့ ကြုံတွေ့နေတဲ့ ကာကွယ်ဆေးထုတ်လုပ်ရေးအစီအစဉ်ကို ကာကွယ်ပြောကြားလိုက်သလို ကာကွယ်ဆေးဖြန့်ဝေတာနဲ့ပတ်သက်တဲ့ ကတိကဝတ်အသစ်တွေလည်း ထပ်ပေးလိုက်ပါတယ်။

### ကြိုးစားလျက်ရှိ

အီးယူရဲ့ နှေးကွေးနေတဲ့ ကာကွယ်ဆေးထုတ်လုပ်ရေးအစီအစဉ်အပေါ် စိတ်ဆိုးဒေါသထွက်မှုတွေ ကြီးထွားလာနေတဲ့အချိန်မှာ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတွေအနေနဲ့လည်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ် ဘာလင်မှာ ပြုလုပ်မယ့် ဆွေးနွေးပွဲ မတိုင်မီမှာ ကာကွယ်ဆေးတွေကို ပိုမိုထုတ်လုပ်ဖြန့်ဝေနိုင်ဖို့ ကြိုးစားလျက်ရှိပါတယ်။

ယခုအချိန်အထိ ကမ္ဘာတစ်ဝန်းမှာ လူပေါင်း ၁၀၃ သန်းကျော် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားလျက်ရှိပြီး သေဆုံးသူပေါင်းဟာလည်း ၂ ဒသမ ၂ သန်းကျော်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံတွေဟာ ကာကွယ်ဆေး ထိုးခြင်းတွေကို အားကြိုးမာန်တက်လုပ်ဆောင်လျက်ရှိပြီး စီးပွားရေးဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုတွေကို ပြန်လည်ဖယ်ရှားလျက်ရှိပါတယ်။

### တစ်ပူပေါ် နှစ်ပူဆင့်

အခုအခါမှာတော့ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို အရင်ကတည်းက ကိုဗစ် - ၁၉ ပြဿနာကို ဖြေရှင်းလို့မနိုင်သေးမီမှာ နောက်ထပ် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ကလည်း ထပ်မံကူးစက်ပြန့်ပွားလျက်ရှိပါတယ်။ အဲဒီမျိုးစိတ်သစ်ဟာ အရင်ကိုရိုနာဗိုင်းရပ်စ်ထက် ပိုမိုကူးစက်ပျံ့နှံ့မှု မြန်ပါတယ်။ လစ်သူယေးနီးယားနိုင်ငံဟာ အဆိုပါ ဗြိတိန်မှာတွေ့ရှိခဲ့တဲ့ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်တွေ့ရှိခဲ့ရာ နောက်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပါတယ်။

ဗြိတိန်နိုင်ငံဟာ သူ့နိုင်ငံတွင်းမှာ တောင်အာဖရိကက ပထမဆုံးတွေ့ရှိခဲ့တဲ့ အဲဒီအသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ဖြစ်ပွားမှု တစ်ဒါဇင်နီးပါး အတည်ပြုတွေ့ရှိပြီးတဲ့နောက်ပိုင်းမှာတော့ အခုဆိုရင် ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးခြင်းတွေကို ပိုမိုလုပ်ဆောင်လျက်ရှိပါတယ်။

### နှောင့်နှေးမှုရှိ

ဥရောပသမဂ္ဂမှာ ကာကွယ်ဆေးဝယ်ယူခြင်းတွေ၊ ဖြန့်ချိခြင်းပါ နှစ်မျိုးလုံးမှာ နှောင့်နှေးမှုတွေရှိနေပါတယ်။ အဲဒီလိုနှောင့်နှေးနေတာက ဗြိတိန်ကဲ့သို့သော ကာကွယ်ဆေးကို အလျင်အမြန်အင်တိုက် အားတိုက်ထိုးနှံမှု ပြုလုပ်နေသော နိုင်ငံတွေအတွက် အားမလိုအားမရ ဖြစ်ရပါတယ်။

ဒါပေမယ့် ဂျာမနီရဲ့ ဘိုင်ရွန်တက်ခ်နဲ့ သူ့ရဲ့အမေရိကန်မိတ်ဖက်ကာကွယ်ဆေး ထုတ်လုပ်တဲ့ ကုမ္ပဏီဖြစ်တဲ့ ဖိုက်ဇာတို့ကတော့ ကာကွယ်ဆေးထုတ်လုပ်မှုမှာ တိုးတက်မှုတွေရှိလာတဲ့အတွက် အလျင်အမြန် ကာကွယ်ဆေးထောက်ပံ့ပေးနိုင်မှာ ဖြစ်တယ်လို့ ပြောကြားလိုက်ပြီး နွေဦးရာသီမှာ ကာကွယ်ဆေး ၇၅ သန်း ပေးပို့နိုင်မယ်လို့ ဆိုထားပါတယ်။

### ပြောသလောက် မပို့နိုင်ခဲ့

အက်စ်ထရာဇနီကာက သူ့ရဲ့ကာကွယ်ဆေးကို အီးယူကို ပိုမိုတင်ပို့သွားမယ်လို့ ဇန်နဝါရီ ၃၁ ရက်မှာ ဥရောပကော်မရှင်အကြီးအကဲ အာဆူလာဗွန်ဒါလီယန်က ပြောကြားလိုက်ပါတယ်။ သို့သော်လည်း ကနဦးသဘောတူထားသလောက်တော့ ပေးပို့နိုင်မယ့် အလားအလာ မရှိသေးပါဘူး။

ဗြိတိန်-ဆွီဒင်ကာကွယ်ဆေးထုတ်လုပ်တဲ့ အုပ်စုကအရင်က ကာကွယ်ဆေးကို ဘရပ်ဆဲလ်သို့ ၂၀၂၁ ခုနှစ် ပထမလေးလပတ်မှာ လေးပုံတစ်ပုံ ပို့ပေးမယ်လို့ ပြောခဲ့သော်လည်း တကယ်တမ်းကျတော့ ပြောသလောက် မပေးပို့နိုင်ခဲ့ပါဘူး။

### မာကယ့်အတွက် အခက်အခဲဖြစ်လျက်ရှိ

ခေတုဗေဒကုမ္ပဏီဘေယာဟာ ဂျာမန်ဆေးဝါးကုမ္ပဏီကူးဝါးဗက်က တိုးတက်ထုတ်လုပ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးတစ်မျိုးကို ၂၀၂၂ ခုနှစ်မှာ ထုတ်လုပ်မယ်လို့ ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။ ဒီကြေညာချက်ဟာ ဂျာမနီနိုင်ငံရေးခေါင်းဆောင်တွေနဲ့ ကာကွယ်ဆေးထုတ်လုပ်သူတွေ တွေ့ဆုံဆွေးနွေးခြင်း မပြုမီ ထွက်ပေါ်လာတာဖြစ်ပါတယ်။ နိုင်ငံပေါင်း ၂၇ နိုင်ငံပါဝင်တဲ့ ဥရောပသမဂ္ဂအတွက် ကာကွယ်ဆေးဝယ်ပေးဖို့ ဥရောပသမဂ္ဂကော်မရှင်ကို ခွင့်ပြုပေးဖို့ရာမှာ အိန်ဂျလာမာကယ်အတွက် အခက်အခဲဖြစ်လျက်ရှိကြောင်း သိရပါတယ်။

### ဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့

အမေရိကန်ပြည်ထောင်စုမှာ ရီပတ်ဘလစ်ကန်လွှတ်တော်အမတ်အုပ်စုဟာ သမ္မတ ဂျိုးဘိုင်ဒင်နဲ့ တွေ့ဆုံခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံ တန်ဖိုးရှိတဲ့ ဗိုင်းရပ်စ်ကြောင့် ဒုက္ခရောက်နေသူတွေကို ကယ်ဆယ်ဖို့ ရည်ရွယ်ထားတဲ့ ကယ်ဆယ်ရေးအစီအစဉ်နဲ့ ပတ်သက်ပြီး တင်ပြဆွေးနွေးခဲ့ပါတယ်။

လွှတ်တော်အမတ် ဆူဆန်ကောလင်းစ်က ကမ္ဘာ့အဆိုးဆုံးတိုင်းပြည်ကို သမိုင်းတွင်မယ့် ကျန်းမာရေးအကျပ်အတည်းနဲ့ စီးပွားရေးအကျပ်အတည်းက ရုန်းထွက်နိုင်ဖို့အတွက် ကူညီရာမှာ အမေရိကန် ၆၀၀ ဘီလီယံ အစီအစဉ်ကို ကမကထ လုပ်ထားတဲ့ အဖွဲ့နဲ့ ဆက်သွယ်ဆောင်ရွက်မယ်လို့ ပြောပါတယ်။

### တင်းကျပ်တဲ့ ကန့်သတ်ချက်တွေ ချမှတ်

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တားဆီးရန်နဲ့ မကြာသေးမီက တွေ့ရှိခဲ့တဲ့ ကူးစက်မြန် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ် ကူးစက်မှုကို တိုက်ဖျက်ရန် ကမ္ဘာ့နိုင်ငံအတော်များများမှာ တင်းကျပ်တဲ့ ကန့်သတ်ချက်တွေကို ဆက်လက်ချမှတ် ထားခဲ့ရပါတယ်။

ပြင်သစ်နိုင်ငံမှာလည်း ပြည်ဝင်ခွင့်တွေ ကန့်သတ်ထားပါတယ်။ အရေးပေါ်ကိစ္စမှလွဲပြီး ကျန်တဲ့ခရီးသွားလာမှုတွေကို ခွင့်မပြုထားပါဘူး။ ခြွင်းချက်နဲ့ ခွင့်ပြုထားတဲ့ ခရီးသွားတွေအနေနဲ့လည်း ကိုရိုနာဗိုင်းရပ်စ်ကင်းစင်ကြောင်းအထောက်အထား ပြသရမှာဖြစ်ပါတယ်။

တကယ်လို့ ကပ်ရောဂါဆိုင်ရာ အသွားအလာကန့်သတ်ပိတ်ဆို့မှုကို မနာခံဘဲ စားသောက်ဆိုင်တွေကို ဖွင့်လှစ်သွားမယ့် စားသောက်ဆိုင်ပိုင်ရှင်တွေအနေနဲ့လည်း ကိုဗစ် - ၁၉ ဘဏ္ဍာငွေထောက်ပံ့မှု ဆုံးရှုံးရမှာဖြစ်ကြောင်း ပြင်သစ်ဘဏ္ဍာရေးဝန်ကြီး ဘရူနိုလီမိုင်ရီက ပြောကြားလိုက်ပါတယ်။

### ကန့်သတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားပေး

အီတလီနိုင်ငံမှာတော့ ဖေဖော်ဝါရီ ၁ ရက်မှာ နိုင်ငံရဲ့ဒေသအတော်များများမှာ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးခဲ့ပါတယ်။

ပိုလန်နိုင်ငံမှာလည်း ပြတိုက်တွေ၊ အနုပညာပြခန်းတွေ၊ စာကြည့်တိုက်တွေနဲ့ ဈေးဝယ်ကုန်တိုက်တွေကို ပြန်လည်ဖွင့်လှစ်ခွင့် ပြုလိုက်ပါပြီ။ ဒါပေမယ့်လည်း ကျောင်းအများစု၊ ဘားတွေနဲ့ စားသောက်ဆိုင်တွေကိုတော့ ဆက်လက်ပိတ်ထားဆဲ ရှိပါတယ်။

ဗြိတိန်နိုင်ငံရဲ့ ဘိုးဘွားစောင့်ရှောက်ရေးဂေဟာတွေမှာ နေထိုင်လျက်ရှိတဲ့ သက်ကြီးဘိုးဘွားတွေ အနေနဲ့ ကာကွယ်ဆေးပထမအကြိမ် ထိုးပေးဖို့အတွက် ကမ်းလှမ်းခဲ့ပြီးပါပြီ။ အစိုးရက ဖိုက်ဇာ-ဘိုင်ရွန်တက်ခ်နဲ့ အက်စ်ထရာဇနီကာကာကွယ်ဆေးထိုးပေးရန် လူ ၃၀၀၀၀ ခန့်ကို အကူအညီတောင်းခံလိုက်တဲ့အခါမှာတော့ စေတနာ့ရှင်တွေဟာ အားတက်သရောကာကွယ်ဆေးထိုးပေးပုံတွေကို လေ့လာခဲ့ကြပါတယ်။

တခြားနိုင်ငံတွေဖြစ်တဲ့ တောင်အာဖရိကနိုင်ငံဟာ သူ့ရဲ့ ပထမဆုံးကာကွယ်ဆေးပေးပို့မှုကို ဖေဖော်ဝါရီ ၁ ရက်မှာ လက်ခံရရှိခဲ့ပါတယ်။ အဲဒီလို လက်ခံရရှိခဲ့တာကြောင့် နိုင်ငံအတွင်း ကာကွယ်ဆေးထိုးမှုအစီအစဉ်ကို လုပ်ဆောင်နိုင်တော့မှာ ဖြစ်ပါတယ်။ အစ္စရေးနိုင်ငံမှာတော့ ကာကွယ်ဆေးထိုးပေးရေးအစီအစဉ် မစတင်မီ တစ်နိုင်ငံလုံးဆိုင်ရာ အသွားအလာကန့်သတ်မှုတွေကို ပြုလုပ်ထားပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ ကျန်းမာရေးနဲ့ အခြေခံ အဆောက်အအုံတွေအတွက် ငွေလုံးငွေရင်းတွေ သုံးစွဲမယ့်အစီအစဉ်ကို စတင်လိုက်ပါပြီ။ ။

**ကိုးကား - အေအက်ဖ်ပီ**

# နိုင်ငံတကာသတင်းတိုထွာ

## တရုတ်နိုင်ငံ ဟီဘေးပြည်နယ်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ မရှိ

**ဟီဘေး ဖေဖော်ဝါရီ ၂**

တရုတ်နိုင်ငံ ဟီဘေးပြည်နယ်တွင် ဖေဖော်ဝါရီ ၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ မရှိကြောင်း ပြည်နယ်ကျန်းမာရေးကော်မရှင်က ဖေဖော်ဝါရီ ၂ ရက်က ပြောကြားလိုက်သည်။

ဇန်နဝါရီလ ၂ ရက်က အဆိုပါပြည်နယ်တွင် ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုတစ်ခုရှိကြောင်း ဖော်ပြခဲ့သည့် အချိန်ကတည်းက ယခုအချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ မရှိသေးကြောင်း သတင်းဖော်ပြချက်ထုတ်ပြန်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ယင်းပြည်နယ်တွင် ရောဂါလက္ခဏာမပြ သို့မဟုတ် သံသယဖြစ်ပွားဖွယ် ကိုဗစ်-၁၉ ကူးစက်မှုမရှိကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁ ရက်က နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၄ ဦးဆေးရုံမှ ဆင်းလာခဲ့သည်။ ဟီဘေးပြည်နယ်တွင် ပြည်နယ်အတွင်း ကူးစက်မှု ၃၃၀ ဖြစ်ပွားခဲ့ပြီး ၂၈ ဦးမှာ ဆက်လက်စောင့်ကြည့်မှု ခံယူလျက်ရှိသည်။

**ဆင်ဟွာ**

## ဗြိတိန်တွင် ကာကွယ်ဆေးထိုးနှံပြီးသူ ကိုးသန်းကျော် ရှိလာ

**လန်ဒန် ဖေဖော်ဝါရီ ၂**

ဗြိတိန်တွင် ဇန်နဝါရီ ၃၁ ရက်အထိ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ ၈၉၇၃၆၇ ဦးရှိပြီး ၎င်းတို့အနက် ၄၉၄၂၀၉ ဦးသည် ဒုတိယအကြိမ်ကာကွယ်ဆေး ထိုးနှံပြီးကြောင်း ဗြိတိန်အစိုးရက ကြေညာချက်ထုတ်ပြန် ဖော်ပြလိုက်သည်။

ဗြိတိန်ရှိ အသက် ၈၀ နှင့်အထက် လူအုပ်စုများတွင် ဆယ်ယောက်လျှင် ကိုးယောက်သည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးပြီဖြစ်ကြောင်း သိရသည်။ အသက် (၇၀) နှင့်အထက်လူအုပ်စုတွင် တစ်ဝက်ကျော်ခန့် ကာကွယ်ဆေးထိုးနှံထားကြောင်း ဗြိတိန်ကျန်းမာရေးဝန်ကြီး မက်ဟန်ကော့ခ်က ကပ်ရောဂါဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ ဗြိတိန်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၄၀၀ ကျော်မှာထားပြီးပြီဖြစ်ကြောင်းနှင့် လက်ရှိကာကွယ်ဆေးထိုးနှံမှုအခြေအနေနှင့်ပတ်သက်ပြီး ကျေနပ်စရာကောင်းကြောင်း၊ သို့သော်လည်း ကာကွယ်ဆေးထိုးနှံမှုသည် တစ်ကမ္ဘာလုံးတွင် ပူးပေါင်းတွန်းအားအဖြစ် လုပ်ဆောင်ရန်လိုအပ်သည့် ကိစ္စဖြစ်ကြောင်း မက်ဟန်ကော့ခ်က ပြောကြားလိုက်သည်။

တောင်အာဖရိကတွင် တွေ့ရသည့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်သည် ရောဂါလက္ခဏာ ပိုမိုဆိုးရွားစေသည့်အထောက်အထား မတွေ့ရသေးသော်လည်း ပြန့်ပွားမှုကို အမြန်ဆုံးဖြတ်တောက်ရန် လိုအပ်ကြောင်း မက်ဟန်ကော့ခ်က ပြောကြားလိုက်သည်။ ဗြိတိန်တွင် ဖေဖော်ဝါရီလ ၁ ရက်နေ့ ထုတ်ပြန်သော ကိန်းဂဏန်းများအရ ကိုဗစ်-၁၉ ထပ်မံအတည်ပြုကူးစက်လူနာ ၁၈၆၀၇ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်းအတည်ပြုလူနာ ၃၈၃၅၇၈၃ ဦး ရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၀၆ ဦးနှင့်အတူ စုစုပေါင်းသေဆုံးသူ ၁၀၆၅၆၄ ဦး ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁၀ တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ရှေ့နေရှေ့ရပ်များသည် အမှုကြန့်ကြာစေရန် ရည်ရွယ်ပြီး အကြောင်းအမျိုးမျိုးပြကာ ရက်ချိန်းတောင်းခြင်း မပြုလုပ်သင့်ပါ။ **( တရားရုံးများလက်စွဲ၊ အပိုဒ်-၂၂)**



**တရားမမှု**

ရှေ့နေရှေ့ရပ်များသည် တရားမမှုများတွင် အကြောင်းအချက် ခိုင်လုံခြင်းမရှိသော လျှောက်လွှာအမျိုးမျိုးကို တင်သွင်းကာ အချိန်ဆွဲခြင်း မပြုလုပ်အပ်ပါ။

**ညှိနှိုင်း**

ရှေ့နေရှေ့ရပ်များသည် ရုံးချိန်းရက်များကို တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းသတ်မှတ်သင့်ပါသည်။ **( တရားရုံးများလက်စွဲ၊ အပိုဒ် ၁၅၄(၃) )**

**အဆင့်မြင့်ရုံး**

ရှေ့နေရှေ့ရပ်များသည် ရုံးချိန်းရက် တိုက်ဆိုင်နေသောအခါ အဆင့်မြင့်ရုံးသို့ ဦးစားပေး သွားရောက်ရန် ဖြစ်ပါသည်။

**မပြုအပ်**

ရှေ့နေရှေ့ရပ်များသည် အထက်ရုံးတွင် အမှန်တကယ် အမှုလိုက်ပါဆောင်ရွက်ရန်မရှိဘဲ ရှိသည်ဟု အကြောင်းပြပြီး အောက်ရုံးတွင် ရက်ချိန်းတောင်းယူခြင်း မပြုအပ်ပါ။ **(တရားရုံးများ ညွှန်ကြားလွှာ ၂/၆၃ နှင့် ၃/၆၆)**

**ရက်ချိန်းတောင်းခြင်း**

ရပ်ဝေးမှ လာရောက်လိုက်ပါ ဆောင်ရွက်သောရှေ့နေအား အဆင်မပြေဖြစ်စေရန် ရည်ရွယ်ပြီး ဒေသခံရှေ့နေက အကြောင်းအမျိုးမျိုးပြကာ ရက်ချိန်းတောင်းခြင်း မပြုသင့်ပါ။

**ကြိုတင်အသိပေး**

ရှေ့နေရှေ့ရပ်များသည် ချိန်းဆိုသောနေ့ရက်တွင် အမှုစစ်ဆေးနိုင်သောအခြေအနေမရှိပါက တစ်ဖက်ရှေ့နေအား ကြိုတင်အသိပေးသင့်ပါသည်။

**တရားရုံး၏ လုပ်ပိုင်ခွင့်**

တစ်ဖက်ရှေ့နေသည် လုပ်ထုံးလုပ်နည်း မှားယွင်းနေသည်ကို တွေ့ရှိပါက ညွှန်ပြပေးသင့်ပါသည်။ လုပ်ထုံးလုပ်နည်း မှားယွင်းနေသည်ကို မညွှန်ပြပါက အမှုပိုမို၍ ကြန့်ကြာနိုင်သည်ကို သတိမူရမည်ဖြစ်ပါသည်။

(ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများစာအုပ် ၂၀၁၀ ကို ရည်ညွှန်းတင်ပြအပ်ပါသည်။)

**ရုံးချိန်းပျက်ကွက်မှုနှင့် တရားရုံး၏ လုပ်ပိုင်ခွင့်**

တရားရုံးချုပ်က အမှုခေါ်စာရင်းကို ရက်သတ္တနှစ်ပတ်ကြိုတင်ရုံးရှေ့ကြော်ငြာသင်ပုန်း၌ ကပ်ထားသည်။ ရုံးချိန်းရက်ကို ကြည့်ရှုရန်အတွက် အမှုသည်နှင့် ၎င်းအားကိုယ်စားပြုသူရှေ့နေ နှစ်ဦးစလုံး၌ တာဝန်ရှိသည်။ အကယ်၍ ရုံးချိန်းရက် သဲကွဲမှုမရှိပါက အနီးအနားရှိပုဂ္ဂိုလ်တို့အား ကြည့်ရှုစေနိုင်သည်။ ဦးညွန့်မောင်၏ ရှေ့နေသည် ၎င်း၏အမှုသည် မျက်စိမှုန်ခြင်းကိုလည်း သိရှိသည့်အပြင် ၎င်းအမှုသည်၏ မျက်စိခွဲစိတ်ထားကြောင်းအဆိုပြုပြီး ယင်းကဲ့သို့ အမှုသည်၏ ချို့ယွင်းချက်ကိုလည်း သိရှိပါလျက် အမှုသည်အား အမှုခေါ်စာရင်းရှိ ရက်ချိန်းကို ကြည့်ရှုခိုင်းခြင်းမှာ ရှေ့နေ၌ တာဝန်မရှိဟု မဆိုနိုင်ချေ။ ရှေ့နေအနေနှင့် ရက်သတ္တနှစ်ပတ်အတွင်း တရားရုံးချုပ်သို့ လာရောက်ရင်းဖြစ်စေ၊ မိမိအလိုအလျောက်ဖြစ်စေ ရုံးချိန်းရက်ကို မိမိအားငှားရမ်းသူအမှုသည် အကျိုးအတွက် ကြည့်ရှုနိုင်သည်။ ကြည့်ရှုရန် တာဝန်လည်းရှိသဖြင့် ရှေ့နေ၏ပျက်ကွက်မှုသည်လည်း ခွင့်လွှတ်ရန် အကြောင်းမရှိချေ။ **( ဦးညွန့်မောင်နှင့် ဒေါ်သောင်း၊ ၁၉၉၁ မတစ ၆၃)။**

**ခိုင်လုံသည့် အကြောင်းပြနိုင်လျှင်**

အမှုကိုကြားနာရန် ချိန်းဆိုသည့်နေ့တစ်နေ့တွင် တရားပြိုင်ဘက်မှ တရားရုံးသို့လာရောက်ရန် ပျက်ကွက်ခဲ့ရာ ထိုသို့ပျက်ကွက်ရခြင်းနှင့်စပ်လျဉ်း၍ ခိုင်လုံသည့်အကြောင်းပြနိုင်လျှင် ထိုနေ့က တရားပြိုင်လာရောက်ဘိသကဲ့သို့ သူ့အား ကြားနာနိုင်သည်ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၇ တွင် ပြဋ္ဌာန်းထားသည်။ အကယ်၍ ရုံးချိန်းပျက်ကွက်သည့်အတွက် ခိုင်လုံသည့်အကြောင်းမပြနိုင်လျှင် မူလတရားပြိုင်ဘက်သည် ထိုနေ့တွင် ဆောင်ရွက်ဖွယ်ရာရှိသည့်ကိစ္စများကို ဆောင်ရွက်ခွင့် မရနိုင်တော့ချေ။ သို့သော်ရုံးချိန်းတစ်ချိန်းပျက်ကွက်သဖြင့် တရားပြိုင်၏မျက်ကွယ်တွင် အမှုကို စစ်ဆေးရန်စီစဉ်လိုက်ရုံမျှဖြင့် တရားပြိုင်သည်အမှုတွင် ဆက်လက်ပါဝင် ဆောင်ရွက်ခွင့်လုံးဝမရှိတော့ဟု တရားမကျင့်ထုံး ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။ သို့ဖြစ်ရာ အမှုကို တစ်ဖက်သတ်စစ်ဆေးရန် ချိန်းဆိုထားသည့်နေ့၌ တရားပြိုင်ဘက်မှ ရောက်ရှိလာပါက သက်သေခံသောတရားလိုကို ဖြစ်စေ၊ တရားလိုသက်သေများကိုဖြစ်စေ ပြန်လှန်စစ်ဆေးခွင့်ရှိပေသည်။ အကယ်၍ ဒီကရီချမှတ်သည့်နေ့အထိ တရားပြိုင်လာရောက်ရန် ပျက်ကွက်ပါမူ တရားပြိုင်သည် ယင်းတစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးရန် တရားမကျင့်ထုံးဥပဒေအမိန့်၉၊ နည်း ၁၃ အရ လျှောက်ထားရန် ဖြစ်ပေသည်။ **( ဦးအကောက်ပါ-၃ နှင့် ဦးမောင်မောင်ပါ-၂၊ ၁၉၈၃ မထစ ၅၇)**

**ရုံးချိန်းပျက်ကွက်ခြင်း**

ရုံးချိန်းပျက်ကွက်ခြင်းကြောင့် ပလပ်သောအမှုကို အမိန့်-၉၊ နည်း-၉ အရ ပယ်ဖျက်နိုင်သည့် တစ်ခုတည်းသော အကြောင်းမှာ တရားလိုသည် လုံလောက်သောအကြောင်းကြောင့် တရားရုံးသို့ မလာရောက်နိုင်ခြင်း ဖြစ်သည်။ လုံလောက်သောအကြောင်း ဟုတ် မဟုတ်မှာ အမှုတစ်မှုစီ၏ ဖြစ်ရပ်များအပေါ်တွင် မူတည်သည်။ အယူခံတရားလိုအနေဖြင့် လွန်ကဲစွာ ပေါ့ဆမှုသို့မဟုတ် မလျော်မကန် ပြုလုပ်မှုနှင့်တူသော အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်း မရှိလျှင် ၎င်းအား ကြားနာခွင့်မပေးဘဲ မထားသင့်ပေ။ **( ဦးငွေနှင့် ဗမာ့တံခွန်ကုမ္ပဏီပါ-၂) ၁၉၅၁ မတစ ၁၃၄၊ လွှတ်တော်)**

ယခုအမှုတွင် ယေဘုယျအားဖြင့် စိစစ်ရန်မှာ အယူခံတရားလိုသည် အမှု ကြားနာစဉ် တရားရုံးသို့ရောက်ရှိရန် ရိုးရိုးသားသားရည်ရွယ်ခြင်းရှိ မရှိနှင့် အချိန်မီရောက်ရှိအောင် အစွမ်းကုန်ဆောင်ရွက်ခြင်း ရှိ မရှိဖြစ်သည်။ **(ဒေါ်နန်းခင်ထွေးနှင့် ဒေါ်လီကွေ့ချင် (ခ) လီလောက်မေပါ-၃၊ ၂၀၀၅ မတစ ၁၃၈)။**

**နေထိုင်မကောင်းဖြစ်ခြင်း**

တရားမမှု လိုက်ပါဆောင်ရွက်နေသည့် ရှေ့နေတစ်ဦးသည် နေထိုင်မကောင်းဖြစ်ခြင်း သို့မဟုတ် အခြားတရားရုံးတွင် လိုက်ပါဆောင်ရွက်နေ၍ မအားလပ်ခြင်း၊ အစရှိသည့် အကြောင်းကြီးငယ်များရှိပါက ၎င်းလိုက်ပါဆောင်ရွက်နေသည့်အမှု၏ အဖြစ်အပျက်အကြောင်းအရာများကို ညွှန်ကြားချက်ပေး၍ အခြားရှေ့နေတစ်ဦးအား လိုက်ပါဆောင်ရွက်ရန် လွှဲအပ်ခွင့် ရှိပေသည်။ လွှဲအပ်ခြင်းခံရသည့် ရှေ့နေသည် ကိုယ်စားလှယ်ပါဝါတင်သွင်းရန် မလိုပေ။ ( တရားမကျင့်ထုံးဥပဒေအမိန့် ၃ နည်း ၄(၅)(ခြွင်းချက်) **( အင်အင်ဂို(ရှ်) အထက်မြန်မာစီရင်ထုံးများ(၁၉၀၂-၀၃) အတွဲ-၂၊ တရားမ၊ ကိုယ်စားလှယ်လွှဲစာ၊ စာမျက်နှာ ၁) ။**

**စေတနာ**

ကျိုးကြောင်း မခိုင်လုံဘဲ ရုံးချိန်းမပျက်ကွက်သင့်ကြောင်း စီရင်ထုံးများကို ကိုးကားလျက် တွေးခေါ်စဉ်းစားမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ ။ ။

**“အမှုကိုကြားနာရန် ချိန်းဆိုသည့်နေ့တစ်နေ့တွင် တရားပြိုင်ဘက်မှ တရားရုံးသို့လာရောက်ရန် ပျက်ကွက်ခဲ့ရာ ထိုသို့ ပျက်ကွက်ရခြင်းနှင့်စပ်လျဉ်း၍ ခိုင်လုံသည့်အကြောင်းပြနိုင်လျှင် ထိုနေ့က တရားပြိုင်လာရောက်ဘိသကဲ့သို့ သူ့အားကြားနာနိုင်သည်ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၉ ၊ နည်း ၇ တွင် ပြဋ္ဌာန်းထားသည်။ အကယ်၍ ရုံးချိန်းပျက်ကွက်သည့်အတွက် ခိုင်လုံသည့်အကြောင်း မပြနိုင်လျှင် မူလတရားပြိုင်ဘက်သည် ထိုနေ့တွင် ဆောင်ရွက်ဖွယ်ရာရှိသည့်ကိစ္စများကို ဆောင်ရွက်ခွင့်မရနိုင်တော့ချေ”**

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ရက်ပ်အဆိုတော်ကာဒီဘီ သီချင်းသစ်ထွက်ရှိမည်ဟု ကြေညာ

ရက်ပ် အဆိုတော်တစ်ဦးဖြစ်တဲ့ ကာဒီဘီဟာ ဖေဖော်ဝါရီ ၅ ရက်မှာ သီချင်းသစ်ထွက်ရှိမယ်ဆိုပြီး ကြေညာခဲ့ပါတယ်။ UP လို့ အမည်ပေးထားတဲ့ သီချင်းသစ်ကို မကြာမီထွက်ရှိတော့မယ်လို့ ဖေဖော်ဝါရီ ၁ ရက်မှာ တွစ်တာပေါ်ကနေတစ်ဆင့် ကြေညာခဲ့ပါတယ်။

ကာဒီဘီဟာ ဇန်နဝါရီ ၃၁ ရက်ကတည်းက ပရိသတ်တွေအတွက် ကြေညာစရာတစ်ခုရှိတယ်ဆိုပြီး အသိပေးထားခဲ့တာပါ။ ကာဒီဘီနောက်ဆုံးထွက်ရှိခဲ့တဲ့ သီချင်းကတော့ WAP ဆိုတဲ့သီချင်းဖြစ်ပြီး အမေရိကန်ရက်ပ်အဆိုတော် မီဂန်သည် စတေးလီယန်နဲ့အတူပူးပေါင်းပြီး ပြုလုပ်ထားတဲ့ သီချင်းလည်းဖြစ်ပါတယ်။ အဲဒီသီချင်းဟာ ဩဂုတ်လအတွင်းမှာ billboard ၁၀၀ မှာ စာရင်းဝင်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်အတွက် Billboard က ပေးတဲ့ တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးအဆိုရှင်ဆုကိုလည်း ရွေးချယ်ခံခဲ့ရပါတယ်။

**အီးနယူး**



ရက်ပ်အဆိုတော်ကာဒီဘီ။

### ပရီယန်ကာနဲ့အတူ ကလေးတွေအများကြီးယူသွားဖို့ စဉ်းစားတယ်လို့ နစ်ခ်ဂျိုနက်စ် ပြော

ဘောလိဝုဒ်မင်းသမီးပရီယန်ကာချိုပရာနဲ့ လက်ထပ်ထားတဲ့ အဆိုတော်နစ်ခ်ဂျိုနက်စ်ကတော့ တီးဝိုင်းတစ်ဝိုင်းစာလောက် ကလေးတွေယူဖို့ အသင့်ပဲလို့ ဖြေကြားခဲ့ပါတယ်။ အသက် ၂၈ နှစ်ရှိပြီဖြစ်တဲ့ နစ်ခ်ဂျိုနက်စ်ကတော့ ပရီယန်ကာနဲ့အတူ မိသားစုဘဝထူထောင်ဖို့ အစီအစဉ်ရှိတယ်လို့ အီးနယူးနဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

မိသားစုဘဝတည်ထောင်ဖို့ဆိုတာ သာယာလှပတဲ့ ခရီးစဉ်တစ်ခုပဲဖြစ်ပြီး ကလေးများများယူဖို့ မျှော်လင့်ထားတယ်လို့ ပြောပါတယ်။ ဘယ်အချိန်မှ မိသားစုဘဝစတင်မလဲဆိုတာကို သေချာတွက်ချက်သွားမယ်လို့လည်း နစ်ခ်ဂျိုနက်စ်က ပြောပါတယ်။

ပရီယန်ကာကလည်း မိသားစုဘဝဆိုတာ ကျွန်မဘဝရဲ့ အဓိကအစိတ်အပိုင်းတစ်ခုပါလို့ အင်တာဗျူးမှာ ဖြေကြားခဲ့ဖူးပါတယ်။ ဇန်နဝါရီ ၂၂ ရက်နေ့မှာ Netflix ကနေ ပရီယန်ကာ ပါဝင်သရုပ်ဆောင်ထားတဲ့ White Tiger ရုပ်ရှင်ကားကို စတင်ပြသခဲ့ပြီး ကမ္ဘာအနှံ့ လူကြိုက်အများဆုံး ရုပ်ရှင်ဖြစ်ခဲ့ပါတယ်။ မကြာခင်ရောက်ရှိတော့မယ့် ရုပ်ရှင်ထူးချွန်ဆုပေးပွဲရာသီမှာ ပရီယန်ကာကို အကောင်းဆုံးဇာတ်ပို့ဆုစာရင်းမှာ ဆန်ခါတင်ဝင်ဖို့ Netflix ကနေ တွန်းအားပေးလျက်ရှိတယ်လို့ သိရပါတယ်။

**အီးနယူး**



ရုပ်ရှင်မင်းသမီး ပရီယန်ကာချိုပရာနှင့် အဆိုတော်နစ်ခ်ဂျိုနက်စ်။

# ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာစနစ်ကောင်းဖြင့် စိုက်ပျိုးထားသော နေကြာစိုက်ခင်းများ အောင်မြင်

**ကျွန်းလှ ဖေဖော်ဝါရီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မဒေါင်ကျေးရွာတွင် စိုက်ပျိုးရေးဆိုင်ရာ စနစ်ကောင်း (GAP)ဖြင့် စိုက်ပျိုးထားသော နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။ **(ယာပုံ)**

GAP နည်းစနစ်ဖြင့် ယခုနှစ်မှစတင်ပြီး နေကြာနှစ်ဧက စိုက်ပျိုးထားကြောင်း၊ တစ်ဧက ရေဆင်း(၁)မျိုးတစ်အိတ်၊ ကျောက်မှုန့် မြေဩဇာတစ်အိတ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ထောက်ပံ့ပေးကြောင်း၊ တစ်ဧကထွန်ယက်ခ၊ လုပ်အားခငွေကျပ် တစ်သိန်းခန့်ကုန်ကျကြောင်း နေကြာစိုက်တောင်သူ ဒေါ်ဆန်းတင်က ပြောသည်။

"နေကြာစိုက်ခင်းများမှာ မိုးကောင်းသောက်ရေိယာဖြစ်သော်လည်း အစိုဓာတ်ရှိချိန် အချိန်မီစိုက်ပျိုးထားခြင်းကြောင့် ဖြည့်စွက်ရေမသွင်းနိုင်သော်လည်း ဖြစ်ထွန်းနေကြောင်း၊ နေကြာစိုက်တောင်သူများအား ဘက်စုံသီးနှံကာကွယ်ရေးစနစ်လိုက်နာကျင့်သုံးရန်၊ GAP နည်းစနစ်အကြောင်း သိရှိရန်၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင်နေကြာစိုက်ပျိုးရန် ၁၃၇၈ ဧကလျာထားသော်လည်း ၁၅၉၉ ဧကစိုက်ပျိုးနိုင်ကြောင်း၊ GAP နည်းစနစ်ဖြင့် ဧက ၅၀ စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)



# ကျောက်ဆည်မြို့နယ်တွင် စပျစ်ပင်များစမ်းသပ်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း



**ကျောက်ဆည် ဖေဖော်ဝါရီ ၂**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မှိုင်းပန်ကျေးရွာတွင် စပျစ်ပင် ၅၀၀ စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းပြီး အသီးထွက်နှုန်းကောင်းမွန်ကာ **(ဝဲပုံ)** ရောင်းချရာတွင်လည်း ဈေးနှုန်းသင့်တင့်စွာ ရောင်းချရသည်ဟု သိရသည်။

**အယဉ်မျိုးနှင့် ကိုင်းကူးပေးရ**

စပျစ်စိုက်ပျိုးသည့်အခါ မစိုက်ပျိုးမီ မြေပြုပြင်ရာတွင် တစ်ပေအနက်၊ တစ်ပေအကျယ် ကျင်းတူးကာ သဘာဝမြေဆွေးများထည့်ကာ ပြုပြင်ရကြောင်း၊ မြေပြုပြင်ပြီးမှ စပျစ်အရိုင်းပင်ကို စိုက်ပျိုးပြီး ခြောက်လအကြာတွင် အညွန့်ကိုင်းဖြတ်ပြီး အယဉ်မျိုးနှင့် ကိုင်းကူးပေးရကြောင်း၊ ကိုင်းကူးပြီး ခြောက်လအကြာတွင် စပျစ်သီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ စပျစ်အပင် ၅၀၀ စိုက်ပျိုးမည်ဆိုပါက စတင်အသီးသီးချိန်အထိ ငွေကျပ် ၁၆ သိန်းခန့်ကုန်ကျကြောင်း၊ အသီးများခူးဆွတ်ရောင်းချရာတွင် နှစ်လကျော်အထိ ခူးဆွတ်ရကာ ကုန်ချိန် ပိဿာ ၁၅၀၀ ခန့် ရရှိကြောင်း၊ ရောင်းဈေးအနေဖြင့် တစ်ပိဿာ ငွေကျပ် ၃၀၀၀ ၊ ငွေကျပ် ၄၀၀၀ ဈေးအမျိုးမျိုးရောင်းရကြောင်း စပျစ်စိုက်ပျိုးသူ ဦးညွန့်ဝင်းက ပြောသည်။

**တိုးချဲ့ စိုက်ပျိုးလာ**

ထို့ကြောင့် စပျစ်သီးနှံသည် ကျောက်ဆည်မြို့၏ ရာသီဥတု၊ ရေ၊ မြေနှင့် ကိုက်ညီပြီး အခြားသီးနှံများနှင့် နှိုင်းယှဉ်ပါက အကျိုးအမြတ်များသောကြောင့် ယာမြေပိုင်ဆိုင်သော တောင်သူတချို့သည် စပျစ်ပင်များ တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# သုံးခွမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိ၍ မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာ ၂၈ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်က မြစိမ်းရောင်ကျေးရွာဖြစ်သော လက်ပန်ချောင်ကျေးရွာတွင် စီမံကိန်းအတိုးရရှိငွေမှ ငွေကျပ် သိန်း ၁၆၀၊ ပြည်သူထည့်ဝင်ငွေကျပ်နှစ်သိန်းဖြင့် ပြည်သူများသွားလာရေးအဆင်ပြေစေရန် ကွန်ကရစ်လမ်းခင်းခြင်း၊ မှိုကုန်းသာကျေးရွာတွင် စီမံကိန်းအတိုးရရှိငွေမှ ငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်နီနီအောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

ကိုကျော်( သုံးခွ)

# ခတုကင်းလွတ်ဆီးသီးစိုက်ပျိုးထုတ်လုပ်မှု တောင်သူမှတောင်သူသို့ စိုက်ပျိုးနည်းပညာဖလှယ်ပွဲကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆားတောင်မြို့ ရေကြည်အရှေ့ရပ်ကွက် တောင်သူဦးစိုးဝင်း၏ ဓာတုကင်းလွတ်နည်းဖြင့် စိုက်ပျိုးလျက်ရှိသော ဆီးသီးခြံတွင် ဖေဖော်ဝါရီ ၁ ရက်က တောင်သူမှ တောင်သူသို့ စိုက်ပျိုးနည်းပညာ ဖလှယ်ဆွေးနွေးပွဲ ကျင်းပသည်။**(အောက်ပုံ)**

"ဆားတောင်မြို့ တောင်သူဦးစိုးဝင်းရဲ့ ဆီးသီးခြံမှာ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပံ့ပိုးပေးပြီး ဓာတုဓာတ်ကြွင်းတွေ မရှိအောင် ဓာတုလွတ်ဆီးသီးစိုက်ပျိုးမှုကို မြို့နယ်အတွင်းက တောင်သူတွေအနေနဲ့ လက်ရှိစိုက်ပျိုးနေတဲ့ တောင်သူဦးစိုးဝင်း လိုက်နာကျင့်သုံးနေမှုကို အခြားဆီးသီးစိုက်တောင်သူတွေ လိုက်နာကျင့်သုံးပြီး ဓာတုလွတ်ဆီးသီးတွေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ကွင်းသရုပ်ပြပွဲကို ကျင်းပတာဖြစ်ပါတယ်" ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောသည်။

ဓာတုကင်းလွတ် နည်းဖြင့် စိုက်ပျိုးထုတ်လုပ်သည့် ဆီးသီးစိုက်ပျိုးရေးသည် စားသုံးသူများ အစားအစာ လုံခြုံဘေးကင်းမှုရရှိစေသည့်အပြင် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အချိန်ကုန်သက်သာခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာခြင်း၊ အသီးများ၏ အရည်အသွေး၊ အရသာပိုမိုကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိလျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေး ပညာရှင်တွေနဲ့ ဆက်သွယ်ပြီး ဌာနရဲ့ ပညာပေးမှုနဲ့ အတူ ပေ ၂၀ အကျယ်ရှိတဲ့ တန်းခြားစနစ်နဲ့စိုက်ပျိုးတယ်။ ဆီးသီးပင်တစ်ပင်နှင့် တစ်ပင်ကြားမှာရှိတဲ့ မြေလွတ်တွေ အပင်ရဲ့ဧရိယာ၊ စားသုံးနိုင်တဲ့ ဧရိယာပတ်လည်မှာ ပင်ကြွင်း ပင်ကျန်တွေကိုထည့် သဘာဝမြေဆွေးလုပ်ပြီး ကျွေးတယ်။ အဲဒီလိုစိုက်စနစ်တွေ၊ သွင်းအားစုအသုံးပြုပုံတွေ ပြောင်းလဲလုပ်ကိုင်တဲ့အတွက် ဆီးသီးရဲ့ အရည်အသွေး၊ အရသာတွေက စားသုံးသူတွေ လက်ခံလာတာဖြစ်ပါတယ်။ အဲဒီလိုလုပ်ကိုင်လိုက်တဲ့အတွက် အချိန်ကုန်သက်သာပြီး ကုန်ကျစရိတ်သက်သာတယ်။ စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းတဲ့ အကျိုးကျေးဇူးတွေရတဲ့အပြင် ဝင်ငွေလည်း တိုးတက်လာပါတယ်"ဟု ဓာတုကင်းလွတ် ဆီးသီးစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးသဖြင့် အောင်မြင်လျက်ရှိသော တောင်သူ ဦးစိုးဝင်းက ပြောသည်။




အဆိုပါ နည်းပညာဖလှယ်ပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်ဝင်း၊ စစ်ကိုင်း ခရိုင်/မြို့နယ်တို့ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ ဒေသခံဆီးသီးစိုက်တောင်သူများ တက်ရောက်ကြသည်။**ဝင်းဦး(ဇေယျာတိုင်း)**

**ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး**
**အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# နေပြည်တော်အတွင်း ငါးပိ၊ ငါးခြောက်များ ဖြန့်ဖြူးရောင်းချရန် ညှိနှိုင်းအစည်းအဝေးကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် တိုင်းဦးစီးမှူး၊ ညွှန်ကြားရေးမှူး၊ ဒေါ်ယုယုအေး၊ ဒုတိုင်းဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဦးမြင့်ဇော်ထွန်းနှင့် အသင်းစုချုပ်ဥက္ကဋ္ဌ၊ မြို့နယ်ဦးစီးအရာရှိများသည် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း ရေထွက်ကုန်ပစ္စည်းထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချမှုများ အခက်အခဲပြေလည်စေရေး၊ အများပြည်သူများ ဈေးနှုန်းမှန်ကန်၊ သက်သာစွာနှင့် လွယ်လင့်တကူစားသုံးနိုင်စေရေးတို့ကို ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် ချိတ်ဆက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကကူရံ၊ ငါးပုတ်သင်၊ စပျစ်ခြောက်စသည့် တနင်္သာရီဒေသထွက် ငါးပိ၊ ငါးခြောက်အမျိုးမျိုးကို မြို့နယ်သမဝါယမအသင်းစုများ၏ လုပ်ငန်းခွဲတစ်ရပ်အဖြစ် ဖြန့်ဖြူးရောင်းချသွားရန် ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်စည်ပွဲရုံများ စီမံခန့်ခွဲရေး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂**



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ကျန်းမာရေးနှင့် ဈေးများ လုပ်ငန်းတာဝန်ခံအဖွဲ့ ဈေးများနှင့် ကုန်စည်ပွဲရုံများ စီမံခန့်ခွဲရေး ဈေးတာဝန်ခံအဆင့် လုပ်ငန်း ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဈေးသင်တန်းခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဌာနမှူး ဦးသန်းထိုက်၊ ဒုတိယဌာနမှူးများဖြစ်ကြသည့် ဦးသောင်းတင်နှင့် ဦးသန့်ဇင်ထွန်း လက်ထောက်ဌာနမှူးများ၊ ခရိုင်မှူးများ သင်တန်းကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး၊ ဓာတ်ပုံ - တင်စိုး**




❒ *ကျောဖုံးမှ*

ရောင်းသူတွေအတွက် မူလဈေးအတိုင်း ထိုက်သင့်တဲ့အကျိုးအမြတ်ရှိတာကြောင့် အခွင့်ကောင်းယူပြီး ရောင်းချမှု မရှိအောင်၊ ဈေးနှုန်းတင်ပြီး မရောင်းဖို့ သတင်းထုတ်ပြန်သွားမှာပါ” ဟု မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးအောင်မြင့်က ပြောသည်။

မြန်မာပြည်မှ ဆန်နှင့်ဆန်ကွဲကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး ဥရောပနိုင်ငံများသို့ ဆန်ကွဲအများဆုံး တင်ပို့ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်တစ်သိန်း တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးသူတို့အတွက် ဝါးတန်းကုန်စည်ဒိုင်နှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့မှ အဓိကဖြန့်ဖြူးလျက်ရှိရာ လူတစ်ဦးလျှင် ၁၅၅ ကီလို စားသုံးကြောင်း ခန့်မှန်းထားသောကြောင့် ၆ သန်းဖြင့် တွက်ချက်ပါက တစ်နှစ်လျှင် ရန်ကုန်တိုင်းဒေသကြီး၌ ဆန်တန်ချိန် ၉ သိန်းခန့် စားသုံးပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တန်ချိန် ၉ သန်းခန့် နှစ်စဉ်စားသုံးကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးဆန်ကို အများဆုံးစားသုံးပြီး ပေါ်ဆန်အမျိုးအစား ၂၀ နှင့် ဆန်ကြမ်းအုပ်စုဝင်များကို အခြေခံပြည်သူတို့ စားသုံးလျက် ဆန်ကြမ်းကို ကုန်ကြမ်းအဖြစ် ခေါက်ဆွဲ၊ ကြာဆံနှင့် အခြားစားသောက်ကုန်တို့တွင် အသုံးပြုကြောင်း သိရသည်။

အခြေခံစားသောက်ကုန်ဖြစ်သော ဆန်ကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း မပြုရန်၊ ကိုဗစ်-၁၉ ရောဂါ ပထမအကျော့၌ ဆန်ဝယ်ယူမှု တစ်လတာအတွင်း များခဲ့ပြီး ကျန်သောလများတွင် အေးစက်သွားသောကြောင့် ပြည်တွင်းဆန်များ ပြည်တွင်းတွင်ရှိသည့်အတွက် ပုံမှန်ဈေးနှုန်းအတိုင်း ရောင်းချသွားရန်နှင့် ဆန်ကို ထုတ်မရောင်းသောဆိုင်များလည်းရှိရာ ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချသွားရန် မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းက သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# ငရုတ်စိုက်ပျိုးသူများ ခဲဓာတ်ပါဝင်မှု သတိပြုရန်လိုအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ငရုတ်စိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် ခဲဓာတ်ပါဝင်မှုကို သတိပြုရန် လိုအပ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများထံမှ သိရသည်။

“အခုရက်ပိုင်း အတွင်းမှာ မြန်မာ့ငရုတ်သီးတချို့ ခဲဓာတ်ပါဝင်မှုများလို့ဆို၍ တရုတ်ဘက်ကို ငရုတ်သီးတင်ပို့ခွင့် အရောင်းအဝယ် ခေတ္တရပ်နားမယ်ဆိုပြီး ဖြစ်ခဲ့ပါတယ်။ ဇန်နဝါရီ ၁ ရက်မှာတော့ ပြန်လည် ခွင့်ပြုလိုက်ပြီလို့ ကြားသိရပါတယ်။ ခဲဓာတ်ပါဝင်မှုက မြေဩဇာတွေမှာ၊ မြေကြီးထဲမှာလည်း ရှိနေတတ်ပါတယ်။ ဒါတွေကို တောင်သူတွေအနေနဲ့ သိရှိထားဖို့ လိုအပ်ပါတယ်။ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးတွေ ထုတ်လုပ်ရာမှာလည်း ခဲဓာတ်ပါဝင်မှုများလား၊ နည်းလား၊ တောင်သူတွေ မသိနိုင်ပါဘူး”ဟု အရှေ့မြောက်တံခါး ကုမ္ပဏီ၏ ဈေးကွက်မန်နေဂျာ ဦးစိုးမိုးဂျူလိုင်က ပြောသည်။ ခဲဓာတ်ပါဝင်မှု မြင့်မားနိုင်စေသော အကြောင်းအရင်းများအနေဖြင့် မြေကြီးအတွင်း ခဲဓာတ်များနေခြင်း၊ စိုက်ပျိုးရေးသုံးဆေးများ သုံးစွဲမှုလွန်ကဲခြင်း၊ သုံးရေများတွင် ခဲဓာတ်ပါဝင်မှု များနေခြင်း၊ ခဲဓာတ်ပါသော ရေပိုက်များကို တပ်ဆင်သုံးစွဲခြင်း၊ တာရှည်ခံဆေးများကို အသုံးပြုခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးနှင့် ဓာတ်မြေဩဇာများ သုံးစွဲရာတွင် ခဲဓာတ်ပါဝင်မှုများသည့် ဆေးများကို အသုံးပြုကြခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ကြောင်း သိရသည်။

“သတ္တုဓာတ်တွေက သဘာဝအလျောက် မြေဆီလွှာအတွင်း တည်ရှိလျက်ရှိပါတယ်။ စက်မှုလုပ်ငန်းနဲ့ စီးပွားရေး လုပ်ငန်းတွေအတွက် ခဲဓာတ်ကို တူးယူအသုံးပြုနေကြတာက နှစ်များစွာကြာရှည်ခဲ့ပြီ။ သတ္တုဓာတ်များစွာ ရှိတဲ့အနက် တချို့သတ္တုဓာတ်တွေက လူသားတွေကို သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်စနစ်နဲ့ဖြစ်စေ အကျိုးပြုလုပ်ငန်း စတာမျိုးလည်း ရှိပါတယ်”ဟု ဦးစိုးမိုးဂျူလိုင်က ပြောသည်။

**နန်းထက်ထက်ချစ်**

# ဘီးလင်းမြို့နယ်ရှိ ကျေးရွာ ၁၄ ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဘီးလင်း ဖေဖော်ဝါရီ ၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီဖြင့် အကျိုးပြုကျေးရွာပေါင်း ၁၄ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သထုံခရိုင်ဦးစီးမှူး ဦးမိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမင်းထောစံက ကျေးရွာ ကော်မတီဝင်များအနေဖြင့် စီမံကိန်းအပေါ် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားသာချက်များအား အကြံပြုသုံးသပ်ဆွေးနွေးပေးရန် ပြောကြားကာ ကျေးရွာကော်မတီဝင်များက အဖွဲ့သုံးဖွဲ့ခွဲ၍ စီမံကိန်းအပေါ် အကြံပြု သုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✤ *ကျောဖုံးမှ*

ယာဉ်လိုင်းပြေးဆွဲမှု စီးရေမှာ လျော့နည်းနေသည်ဟူသော ပြောဆိုသံများ ခရီးသွားပြည်သူများအကြား ကြားသိနေရသည်။ YRTA နေဖြင့် ယင်းသို့ အဖြစ်မခံဘဲ ရန်ကုန်မြို့တွင်း ပြေးဆွဲပေးလျက်ရှိသော YBS ယာဉ်လိုင်းများကို ယခုအခါ မည်သည့်ယာဉ်လိုင်းမှ ရပ်နားမှုမရှိဘဲ နေ့စဉ်ပုံမှန် အစီးရေအတိုင်း ပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) သည် နေ့စဉ်ပြေးဆွဲပေးလျက်ရှိသော ယာဉ်လိုင်းအရေအတွက်နှင့် ခရီးသည်တင်ယာဉ်စီးရေမှာ နေ့စဉ်ခရီးသွားလာမှုရှိသော ပြည်သူများ၏ အခြေအနေအရလည်းကောင်း၊ ယာဉ်မောင်းများ၏ ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေအရလည်းကောင်း YBS ယာဉ်စီးရေ ပြေးဆွဲပေးမှုကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ဖေဖော်ဝါရီ ၂ ရက်တွင်လည်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ရုံး(YRTA) အောက်ရှိ YBS ယာဉ်လိုင်း ၁၀၅ လိုင်းမှ ခရီးသည်တင် ယာဉ်အစီးရေ ၃၀၂၁ စီးဖြင့် ရန်ကုန်မြို့တွင်း အလုပ်တက်၊ အလုပ်ဆင်း၊ ရုံးတက်၊ ရုံးဆင်း ဝန်ထမ်းများနှင့် ခရီးသွားပြည်သူ စုစုပေါင်း ငါးသိန်းနီးပါးကို သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း

(၁၈-၁-၂၀၂၁ ရက်နေ့)

*ယမန်နေ့မှအဆက်*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၅၃၃ | Susana Djonianto Koesnadi (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၅၃၄ | ဒေါ်ချစ်မေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၅၃၅ | ဦးမင်းမင်းဇော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀,၀၀၀ |
| ၅၃၆ | ဦးမင်းမင်းဇော်၊ ဒေါ်ကြည်မြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၅၃၇ | ဦးဗလစိန်၊ ဒေါ်ခင်ထားနွယ်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၅၃၈ | ကူဘိုတာ ရေဝတီ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀,၀၀၀ |
| ၅၃၉ | ဦးဖုန်းတင့်လှိုင်+ ခင်စန်းအေး (ရန်ကုန်မြို့) | ၂,၀၀၀,၀၀၀ |
| ၅၄၀ | ဦးပါ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၄၁ | ဦးအောင်ကျော်မြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၄၂ | ဦးစိုးလွင်မော်+ ဒေါ်မော်မော်နိုင် (မရမ်းကုန်းမြို့နယ်) | ၃၀,၀၀၀ |
| ၅၄၃ | ချိုရီကို (ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၅၄၄ | ဦးကျော်မင်းအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၄၅ | ခင်စန္ဒာလွင် (မရမ်းကုန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၅၄၆ | တိုးတိုးလှိုင် (မင်္ဂလာတောင်ညွန့်မြို့နယ်) | ၅၀,၀၀၀ |
| ၅၄၇ | ဦးအောင်ဝင်း၊ ဒေါ်ခင်အေးသူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၅၄၈ | ရာဇာတင်ချစ် (လှိုင်မြို့နယ်) | ၅,၀၀၀ |
| ၅၄၉ | ဦးစုဝိုင်း၊ ဒေါ်မြင့်မြင့်မွန်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၅၀ | ဂရုဏာကူညီမှုအဖွဲ့ (ပျဉ်းမနားမြို့) | ၃၀၀,၀၀၀ |
| ၅၅၁ | ခေတ်ငြိမ်းချမ်းသူ (စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၅၂ | ဒေါ်သွင်းစိန် (ကြည့်မြင်တိုင်မြို့နယ်) | ၃၀၀,၀၀၀ |
| ၅၅၃ | အောင်နှင့် အောင်အောင် ကုမ္ပဏီလီမိတက် ၊ အောင်အောင်ထွန်းရီ(လိပ်စာဖော်ပြထားခြင်းမရှိပါ | ၁၀,၀၀၀,၀၀၀ |
| ၅၅၄ | မျိုးဇော်အောင် (ထားဝယ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၅၅ | ဦးစိုင်းဒီ၊ ကျော်မြင့် (ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၅၅၆ | ဦးဖြိုးသူဝင်း၊ ဒေါ်နီနီနွယ် မိသားစု(သာကေတမြို့နယ်) | ၅၀၀,၀၀၀ |
| ၅၅၇ | ဒေါ်ခင်သန်းနွဲ့ ၊ ရဲနန်းရောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၅၈ | ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြည်တွင်းပြည်ပမှစေတနာရှင်များ ဒုတိယအကြိမ် | ၃၀၀,၀၀၀,၀၀၀ |
| | (ရန်ကုန်မြို့) | |
| ၅၅၉ | ဦးအောင်ငြိမ်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၅၆၀ | ဒေါက်တာအောင်ကျော်ဇင် ၊ တစ်ဖနီဇင် မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၃၀,၀၀၀ |
| ၅၆၁ | Harry Amy Law (Son) Damiel Law (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၆၀,၀၀၀ |
| ၅၆၂ | ဒေါ်အေးအေးခင် ကုန်သွယ်ရေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၂၀၀,၀၀၀ |
| ၅၆၃ | ဦးမြင့်ဇော်+ ဒေါ်စန်းစန်းငွေနှင့် မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၆၄ | လူမျိုးစုတရုတ်ဘုံကျောင်း၊ ဒုဥက္ကဋ္ဌ ဦးသန်းထိုက်+ဒေါ်အေးအေးမြင့် | ၁၀,၀၀၀,၀၀၀ |
| | Darren မိသားစု (မန္တလေးမြို့) | |
| ၅၆၅ | ဒေါ်ဝင်းဝင်းအိ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀,၀၀၀ |
| ၅၆၆ | ဦးမြင့်နိုင်+ ဒေါ်ခင်ရွှေ အာရှနိုင်အင်တာပရိုက်(စ်)နှင့်ရွှေဘုန်းကုမ္ပဏီလီမိတက်(မန္တလေးမြို့) | ၃၀,၀၀၀,၀၀၀ |
| ၅၆၇ | မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (နေပြည်တော်) | ၁၀၀,၀၀၀,၀၀၀ |
| ၅၆၈ | မြန်မာ့စီးပွားရေးဘဏ် (မန်နေဂျာ) (ဟိုပင်မြို့) | ၅၀,၀၀၀ |
| ၅၆၉ | ဒေါ်ထွေးရီ(တ/ဒဂုံမြို့နယ်) | ၂၀၀,၀၀၀ |
| ၅၇၀ | ဒေါ်လေးနွယ်(မန္တလေးမြို့) | ၁၀,၀၀၀ |
| ၅၇၁ | ဦးအောင်ထွဋ်+ဒေါက်တာလဲ့ရီသင်းမိသားစု (အင်းစိန်မြို့နယ်) | ၁၅၀,၀၀၀ |
| ၅၇၂ | ဦးမင်းကျော်စိုးဟန်+ဒေါ်ခင်သန္တာ (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၅၇၃ | ဦးသန့်ဇင်+ဒေါ်အိအိထွေး(အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၅၇၄ | ဦးဇော်မင်းဦး+ဒေါ်ကြူကြူရီ(ရန်ကုန်ဆေးတက္ကသိုလ်) | ၁၀၀,၀၀၀ |
| ၅၇၅ | ဒေါ်သန္တာဝင်း(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၇၆ | ဦးသိန်းဝင်း မိသားစု(အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၅၇၇ | ဒေါ်မိုးစန္ဒာ(ဒိုဒိုကိုကို) (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၇၈ | စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံ၊ G B C ပုံနှိပ်စက်ရုံ (အင်းစိန်မြို့နယ်) | ၂၃၀,၀၀၀ |
| ၅၇၉ | ဦးဇာနည်အောင်+ဒေါ်ခိုင်ရွှေဝတ်ရည်ဇော် သမီး-မဇူဇူဇာနည်အောင်(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၈၀ | ဟန်နီ(ကြေးအိုး)မိသားစုနှင့် စားသုံးသူများ(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၈၁ | ဦးသန်းမောင်+ဒေါက်တာဝင်းဝင်းနွယ် မိသားစု (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၅၈၂ | (ဦးတင်ဦး)+ဒေါ်ရွှေချိုမိသားစု (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၅၈၃ | ကွယ်လွန်သူ ဦးဘရှင်အား ရည်စူး၍ ကျန်ရစ်သူမိသားစု (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၅၈၄ | ဦးနေမျိုးထွန်း(အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၅၈၅ | ဒေါ်ကြင်လှ မိသားစု(အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၅၈၆ | ဦးဝင်းကိုကို+ဒေါ်ဝါဝါမြင့် မိသားစု (အင်းစိန်မြို့နယ်) | ၂၀,၀၀၀ |
| ၅၈၇ | Substance Abuse Peseasch Association(SAPA)(အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၅၈၈ | ဦးမျိုးသိန်းဝင်း+ဒေါ်ဖြူဖြူဇော် ၊ မအိအိဖြိုး၊ မအိမ့်နန္ဒီကျော် (အင်းစိန်မြို့နယ်) | ၈၀,၀၀၀ |
| ၅၈၉ | ဦးဝင်းမော်+ဒေါ်မိုးမိုး(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၉၀ | ဦးလမင်း (Cannon) (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၉၁ | ဦးတင်အေး+ဒေါ်ခင်နုနုထွေး မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၉၂ | ဒေါ်ခင်မြင့်မာ၊ ဒေါ်ခင်သီတာ(Sister) (အင်းစိန်မြို့နယ်) | ၁၅၀,၀၀၀ |
| ၅၉၃ | ဦးအန်ခွန်ဆိုင်း+ဒေါက်တာဖြိုးသက်ခိုင် သမီး-ခင်ဘုန်းပြည့်စုံ (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၅၉၄ | ဦးလှငွေ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၉၅ | ဒေါ်ရီရီမြင့် မိသားစု(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၉၆ | ဦးဟန်ကြည်+ဒေါ်ရီရီခင် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၉၇ | ဦးဇော်ဝင်း(ခ) ကိုလတ်၊ တိုင်း(၁) လွှတ်တော်ကိုယ်စားလှယ် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၉၈ | MyanmaFwaroeaintchange (အင်းစိန်မြို့နယ်) | ၄၀၀,၀၀၀ |
| ၅၉၉ | Pro-1 Family Nantthargone (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၀၀ | ဦးသာအောင် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၀၁ | ဦးဇော်မိုးအောင်+ဒေါ်ဝင်းသိင်္ဂီ မိသားစု (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၆၀၂ | Ahsa Ahsa Naingngeyayinarrsu U Than Shwe (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၀၃ | ဦးစိုးမြင့်+ဒေါ်ခင်ဝင်းမြင့် မိသားစု (Fujinataw Family) (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၀၄ | ဦးကျော်စွာဝင်း+ဒေါ်ခင်မျိုးကြည် သမီး-မခင်သဲစုကျော်၊ မထွေးသဇင်ဖူး | ၁၀၀,၀၀၀ |
| | (အလင်းသစ်လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)မိသားစု (အင်းစိန်မြို့နယ်) | |
| ၆၀၅ | ဒေါ်တင်တင်အေး၊ ဒေါ်မြမြသိန်း၊ ဒေါက်တာဒေါ်မြသောင်း (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၀၆ | ဦးကျော်သန့်နှင့်မိုးကုတ်အဖွဲ့ခွဲ(၁၅၇)မိုးကုတ်ယောဂီများ၊ | ၃၀၀,၀၀၀ |
| | ဓမ္မိကာရာမပေါက်တောကျောင်းတိုက်၊ (အင်းစိန်မြို့နယ်) | |
| ၆၀၇ | စိန်ရတနာ၊နာရေးကူညီမှုအသင်း(အင်းစိန်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၆၀၈ | ဦးကျော်သန့် မောင်နှမတစ်စု(အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၆၀၉ | ဦးစိုးဝင်းအောင်+ဒေါ်ဖြူဖြူလှိုင် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၁၀ | ဦးကျော်ဇင်တိုး+ဒေါ်စန်းသော်တာအောင် သမီး-မနှင်းယမုံဦး | ၂၀၀,၀၀၀ |
| | သား-မောင်ကောင်းမြတ်ဇင် (အင်းစိန်မြို့နယ်) | |
| ၆၁၁ | ဦးလှထွန်း+ဒေါ်ခင်ငွေဝင်း မိသားစု (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၁၂ | ဦးအေးမြင့်+ဒေါ်ချိုချိုလွင်(အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၁၃ | ဦးအောင်မျိုး+ဒေါ်ဒေစီဝင်း(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၁၄ | ဦးစိုးအောင်+ဒေါ်အေးအေးမော်(အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၆၁၅ | ဦးကျော်ကျော်+ဒေါ်မိုးမိုးထွန်း Shwemoe bamboo shop (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၁၆ | ဦးချစ်သန်း+ဒေါ်ရီရီဝင်း မိသားစု (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၁၇ | Super Sunday လူမှုကူညီရေးအသင်း(အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၁၈ | ဦးဝင်းဇော်+ဒေါ်သန်းလှဆွေ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၁၉ | ဦးသိန်းဆွေ+ဒေါ်အေးအေးလွင် မိသားစု (အင်းစိန်မြို့နယ်)(Pale Yatemon Housing) | ၁၀၀,၀၀၀ |
| ၆၂၀ | Pale Yatemon Housing Families (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၂၁ | ဦးအောင်နိုင်လင်း+ဒေါ်လှဲ့လှဲ့သွေး မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၂၂ | အမေ ဒေါ်ထွေး သမီး ဒေါ်နီနီထွေး (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၆၂၃ | ဦးအေးနိုင်+ဒေါ်အေးအေးစန်း သမီး - သီရိစံ သား ကောင်းမြတ်သူ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၂၄ | ဦးသိန်းနိုင်+ဒေါ်မိချို မိသားစု (သမိုင်းမြို့နယ်) | ၁၀,၀၀၀ |
| ၆၂၅ | Sayar Gyi Daw Wimala Nyarni (အင်းစိန်မြို့နယ်) | ၂၀,၀၀၀ |
| ၆၂၆ | ဦးတင်လှ+ဒေါ်ခင်မာဝင်း သမီး-မတင်ဇာဝင်း | ၁၀၀,၀၀၀ |
| | မြေး-မောင်မင်းသော်တာထွန်း မိသားစု (အင်းစိန်မြို့နယ်) | |
| ၆၂၇ | ဒေါ်အေးမိုးထွန်း မိသားစု (အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၆၂၈ | ဦးတင်မိုး+ဒေါ်စန်းစန်းပြုံးလွင် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၂၉ | ဒေါ်သန်းသန်းငွေ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၃၀ | ဦးတင်အောင်မြင့်+ဒေါ်သန်းသန်းငွေ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၃၁ | (ဦးတင်ထွဋ်စိုး)+ဒေါ်ခင်ကြွယ် မိသားစု (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၃၂ | ဦးစောသလေထူး+ဒေါ်မိုးသီတာ(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၃၃ | ဦးသန့်ဇင်ဦး+ဒေါ်နော်မြူနှင်းရီ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၃၄ | မသိမ့်ထက်ထက်ဇော်၏ တစ်နှစ်ပြည့်မွေးနေ့အလှူ (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၆၃၅ | ဦးဆလိုင်းအောင်ထက်လင်း(အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၆၃၆ | ဖခင်ဦးလှထွန်းအား ရည်စူး၍ Survivor Families (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၆၃၇ | ဦးစိုင်းအောင်မြင့်ဆွေ+နော်ဂျူးလီနာ (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၆၃၈ | ဦးမျိုးမြင့် +ဒေါ်ခင်စန်းဝေ(အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၆၃၉ | Bonpyan Monastry Sayardaw Baddantaarseinna(Kamarmoe) | ၁၀၀,၀၀၀ |
| | Kamarkalote Village,Kyauktan Tsp,Yangon Division | |
| ၆၄၀ | ဒေါ်တင်ရွှေ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၄၁ | ဦးဖိုးချို (အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၆၄၂ | အဖ ဦးသန်းရွှေ ဦးကျော်ဝင်း (MD-ငြိမ်း) ပင်စင်ဦးစီးဌာန+ ဒေါ်စန်းစန်းမြင့်၊ | ၁,၀၀၀,၀၀၀ |
| | မပိုးပွင့်ဖြူ မချောစုသူဇာ (အင်းစိန်မြို့နယ်) | |
| ၆၄၃ | Ywarmapariyatti (အင်းစိန်မြို့နယ်) | ၅၀,၀၀၀,၀၀၀ |
| ၆၄၄ | ဒေါ်မြမြ (Family Khait San Gold Shop)(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၄၅ | ဦးမောင်မောင်ဦး+ဒေါ်ကျော့စန်း မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၄၆ | ဦးပိုးရုံ +ဒေါ်အုန်းလှိုင် (ဦးပိုးမိသားစု)(အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၄၇ | ဦးစန်းမောင်+ဒေါ်နန်းနန်းဝင်း သား-ဦးဝေဖြိုးဟန် သမီး-မချစ်ယုယုမောင်၊ | ၁၅၀,၀၀၀ |
| | မဂျူးဂျူးမောင် မိသားစု (အင်းစိန်မြို့နယ်) | |
| ၆၄၈ | NLD (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၄၉ | ဦးတင်ဆွေ+ဒေါ်လှကြူ (ဒေါ်ကြူ မိသားစု)(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၅၀ | ဦးငွေစိုး+ဒေါ်စန်းစန်းဝင်း မိသားစု (အင်းစိန်မြို့နယ်) | ၁,၀၀၀,၀၀၀ |

*စာမျက်နှာ ၂၄ သို့*

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund)
OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၁၉-၁-၂၀၂၁ ရက်နေ့)

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁ | ဦးကျော်မင်း+ဒေါ်လှလှအေး (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၂ | ဒေါ်အေးအေးနွယ် (မော်လမြိုင်မြို့) | ၁၁၀,၀၀၀ |
| ၃ | မြန်မာ့စီးပွားရေးဘဏ် (မိုးမိတ်ဘဏ်ခွဲ) | ၇၀,၀၀၀ |
| ၄ | ဒေါ်ကြွယ်ကြွယ် (ရန်ကုန်မြို့) | ၁၁၀,၀၀၀ |
| ၅ | ဦးငွေအောင်+ဒေါ်သီတာကျော် မိသားစု (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၆ | ဦးကျော်ထွန်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၇ | ဦးမျိုးခိုင်+ဒေါ်မူမူဟန် (ရန်ကုန်မြို့) | ၁၈၀,၀၀၀ |
| ၈ | ဦးသိန်းဇော်ဦး (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၉ | ဒေါက်တာညွန့်သန်း+ဒေါ်သန်းသန်းစိုး (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |

စာမျက်နှာ ၂၅ သို့

စာမျက်နှာ ၂၃ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၆၅၁ | Shwe Kaung Kywel Tea & Restaurant (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၅၂ | ဦးဟန်ရှိန်+ဒေါ်သန်းလှ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၅၃ | ဦးသန်းနိုင်ဦး+ဒေါ်သန္တာဝင်း မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၅၄ | ဦးအောင်မြင့်+ဒေါ်သန်းသန်းရီ(အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၆၅၅ | ဦးထွန်းထွန်းနိုင်+ဒေါ်ထက်ထက်ပိုင် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၅၆ | ဦးမြင့်ရွှေ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၅၇ | ဦးအောင်ကျော်ထူး+ဒေါ်မြတ်မြတ်မိုး (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၅၈ | ဒေါ်ငွေဝင်း မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၅၉ | ဦးကျော်ဝင်း+ဒေါ်ခင်လှလှစိုး မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၆၀ | သမဝါယမဦးစီးဌာန(အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၆၆၁ | အလုပ်သမားဦးစီးဌာန(အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၆၆၂ | စာရင်းစစ်ရုံး (အင်းစိန်မြို့နယ်) | ၆၀,၀၀၀ |
| ၆၆၃ | ဦးဝင်းနိုင်(အင်းစိန်မြို့နယ်) | ၂၀,၀၀၀ |
| ၆၆၄ | Department Of Workshop & worker Law (အင်းစိန်မြို့နယ်) | ၂၀,၀၀၀ |
| ၆၆၅ | Department Of Court (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၆၆၆ | Police Office (Insein Township) | ၁၀၀,၀၀၀ |
| ၆၆၇ | အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(အင်းစိန်မြို့နယ်) | ၂၀,၀၀၀ |
| ၆၆၈ | Yangon Township Electric Department(အင်းစိန်မြို့နယ်) | ၁၈၇,၀၀၀ |
| ၆၆၉ | ဦးသန်းဦး (လမ်းတံတား) (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၇၀ | ရေစီးရေလာဌာန (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၇၁ | Engineer Department(Build)(အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၇၂ | ဒေါ်ဝင်းဝင်းလှိုင်(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၇၃ | ပြည်တွင်းအခွန်များဦးစီးဌာန (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၇၄ | General Adminstration Department (GAD) (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၆၇၅ | ဦးသီဟ+ဒေါ်မြင့်မြင့် မိသားစု (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၇၆ | ဒေါ်ရီရီဝေ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၇၇ | ဦးသန့်ဇင်ဦး+ဒေါ်နော်ကြင်သိန်း မိသားစု (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၆၇၈ | ဦးရွှေဝင်း+ဒေါ်သူဇာ သမီး-မဖူးပွင့်သော် သား-မောင်ကောင်းခန့်မြတ် (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၇၉ | ဒေါ်ကြင်စွမ်း သား-ဦးဖေသက်ထွန်း+ဒေါ်အေးအေးဝင်း မြေး-မောင်ကျော်သက်ဇင်ဦး၊ မယွန်းယမုံထွန်း မိသားစု (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၈၀ | ဒေါ်သီတာမြင့် သား-သန်းဦးအောင်+ဒေါ်ချိုဇင်မိုးမိုး မြေး-မြတ်ဖုန်းနောင် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၈၁ | ဒေါ်ရှုရီနှင့် ညီမများ မိသားစု (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၆၈၂ | ကြက်ခြေနီအသင်း (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၈၃ | ဦးဇေယျာဦး+ဒေါ်ဝင်းဝင်းမော် (အင်းစိန်မြို့နယ်) | ၁၅၀,၀၀၀ |
| ၆၈၄ | ဒေါ်ရှုလေး မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၈၅ | ဦးတီနိုင်+ဒေါ်စန်းစန်းအေး မိသားစု (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၆၈၆ | ဦးအုန်းရှိန်+ဒေါ်ကြင်ငွေ( La Pyae Won Gold & Jewellery ) (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၈၇ | ဦးရဲထွန်း (Twe Let Social Welfare) (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၈၈ | ဒေါ်သန္တာညွန့် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၈၉ | ဦးဇော်လင်းအောင်+ဒေါ်ဇင်မေထူး (သုခမြင့်မိုရ်ကုမ္ပဏီလီမိတက်) (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၉၀ | ဦးတိုးလွင်ဦး+ဒေါ်အေးအေးမော် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၉၁ | ဒေါ်ရီရီအုန်း မိသားစု (အင်းစိန်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၆၉၂ | နည်းပညာတက္ကသိုလ် မိသားစု(ရန်ကုန်မြို့) | ၁,၂၈၁,၀၀၀ |
| ၆၉၃ | A-1 Construction Co.,Ltd | ၃၀၀,၀၀၀ |
| ၆၉၄ | ဦးနိုင်နိုင် ၊ မြန်မာ့မီးရထား (အင်းစိန်မြို့နယ်) | ၆၀,၀၀၀ |
| ၆၉၅ | Ywarma hydro Power (Family) | ၂၀၀,၀၀၀ |
| ၆၉၆ | သစ်တောဦးစီးဌာန မိသားစု (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၉၇ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၆၉၈ | စည်ပင်သာယာရေးကော်မတီ (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၉၉ | ဒေါက်တာဖြိုးမြင့်သူ (အင်းစိန်မြို့နယ်) | ၆၂၇,၀၀၀ |
| ၇၀၀ | ဦးမြတ်ကို (အင်းစိန်မြို့နယ်) | ၇၅၀,၀၀၀ |
| ၇၀၁ | ဒေါ်သင်းသင်းစိန်(ငါးလုပ်ငန်းဦးစီးဌာန)(အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၇၀၂ | ကျန်းမာရေးဦးစီးဌာန(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၀၃ | ဦးထက်နိုင်၊ မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ် ) (အင်းစိန်ဘဏ်ခွဲ) | ၅၀,၀၀၀ |
| ၇၀၄ | ဦးသာရှိန်+ဒေါ်သန်းသန်း မိသားစု (Shainsatmulattmu)Uaung Moe (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၇၀၅ | ဦးငြိမ်းရန်နိုင်+ဒေါ်မေမျိုးသူ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၀၆ | စောဇော်မြင့်ဆွေ (ဦးစီးမှူး) အင်းစိန်အကျဉ်းထောင် (အင်းစိန်မြို့နယ်) | ၄,၂၅၈,၀၀၀ |
| ၇၀၇ | ဦးစည်သူဝင်း+ဒေါ်ခင်ညိုညိုဦး မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၀၈ | ဦးငွေဝင်း+ဒေါ်ခင်သိန်းအေး မိသားစု(အင်းစိန်မြို့နယ်) | ၅,၀၀၀ |
| ၇၀၉ | ဦးတင်အေး+ဒေါ်သန်းသန်းဝင်း မိသားစု (အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၇၁၀ | ဦးအောင်ပိုင်စိုး+ဒေါ်ဇင်မာဝင်း မိသားစု (အင်းစိန်မြို့နယ်) | ၅,၀၀၀ |
| ၇၁၁ | (U Kyint Eain)+Daw Eh Ainee Family | ၁၀၀,၀၀၀ |
| ၇၁၂ | ဦးသောင်းစိန်+ဒေါ်လှမြင့်(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၁၃ | ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဝန်ထမ်းများ (အင်းစိန်မြို့နယ်) | ၃၅,၀၀၀ |
| ၇၁၄ | ဦးဝဏ္ဏစိုး +ဒေါ်မူမူ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၁၅ | ဒေါ်မြမြတင် သမီး-ချိုလတ်ဇော်ဇော်မိုး+စု (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၇၁၆ | ဒေါ်နိုင်နိုင်ဦး မိသားစု (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၇၁၇ | ဦးခင်ချို+ဒေါ်ခင်ဆွေလှဲ့ (ချိုနှင့်ဆွေကုမ္ပဏီလီမိတက်) (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၇၁၈ | ဒေါ်မြင့်မြင့်မော်၊ ဒေါ်ညွန့်ညွန့်မော်၊ ဒေါ်ခင်ဆွေလှဲ့ (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၇၁၉ | ဦးအောင်ဝင်း(Shan Hae Gold Shop)၊ (အင်းစိန်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၇၂၀ | ဒေါ်နုရီ၏ ၇၉ နှစ်ပြည့်မွေးနေ့အလှူ (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၇၂၁ | ဦးထွန်းဝင်းနိုင်+ဒေါ်နှင်းဟန်သူသူ မိသားစု (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၇၂၂ | ဦးဇော်သူရ+ဒေါ်ဆွေဆွေသန်း(အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၇၂၃ | ဦးကျော်လင်း မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၂၄ | ဒေါ်စန်းမြင့်၏ ၇၃ နှစ်ပြည့်မွေးနေ့အလှူ (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၇၂၅ | ဦးတင်မြင့်+ဒေါ်စန်းစန်းကြွယ် (မြနန်းထိုက်စတိုး)(အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၇၂၆ | U Gawthita (Ananda Gone Yee Monastry)(အင်းစိန်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၇၂၇ | ဦးသန်းအေး+ဒေါ်သန်းသန်းဝေ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၂၈ | ခုနစ်ရက် သားသမီး ကောင်းမှု (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၇၂၉ | ဦးမြခိုင်နှင့်သားများ Digitalကတ္တားနှင့်ကတ္တားအမျိုးမျိုးပြုပြင်ရောင်းဝယ်ရေး (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၇၃၀ | ဦးဘငွေး+ဒေါ်မြမြ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၃၁ | ဒေါ်ယဉ်ယဉ်မေ မိသားစု (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၇၃၂ | ဒေါ်အေးသိန်း မိသားစု (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၇၃၃ | ဒေါက်တာစန်းနိုင်+ဒေါ်သန်းသန်းငွေး(မဟာသွားဆေးခန်းနှင့်မဟာနွယ် စာရေးကိရိယာဆိုင်၊ဖော့ကန်) (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၇၃၄ | ဒေါက်တာစိုးခိုင် မိသားစု (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၇၃၅ | အင်းစိန်မြို့နယ်တိုင်းရင်းဆေးဆရာအသင်း | ၁၀၀,၀၀၀ |
| ၇၃၆ | ဦးထွန်းကြည်+(ဒေါ်မြသန်း) မိသားစု (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၇၃၇ | မအိအိထွေး၏ တစ်နှစ်ပြည့်မွေးနေ့အလှူ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၃၈ | U Saw Sar Baludo+Daw Naw N Jalinar(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၃၉ | ဦးခင်ဇော်+ဒေါ်ကေသီခိုင် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၄၀ | ဦးဒိတ်+ဒေါ်ရင်မာဝင်း (ရတနာဝင်းကုမ္ပဏီလီမိတက်) (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၇၄၁ | ဦးအောင်ခန့်ဝင်းထိန်+ဒေါ်အိသက်ထွေး မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၄၂ | ဗိုလ်ကြီးမျိုးမြင့်အေး+ဒေါ်ရီရီတင့် (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၇၄၃ | (ဦးစိုးညွန့်+ဒေါ်ဖြူဖြူအုန်း)(အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၇၄၄ | (ဦးမောင်မောင်စု)+ဒေါ်သန်းသန်းကြွယ် သမီး-သီသီထွေး (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၄၅ | Shwe Yone Lay(Chinese Food)(အင်းစိန်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၇၄၆ | ဒေါ်မြရီ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၄၇ | ဦးဇော်မျိုးအောင်(အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၇၄၈ | မီးသတ်ဦးစီးဌာန (အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၇၄၉ | ဦးသိန်းအောင်(အင်းစိန်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၇၅၀ | တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ်(၁၉၆၉-၁၉၇၅)ကျောင်းသား/သူများ(ရန်ကုန် ) | ၁,၀၅၀,၀၀၀ |
| ၇၅၁ | ဦးမြသောင်း+ဒေါ်ခင်ခင်အေး(အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၇၅၂ | ဦးထွန်းခင်+ဒေါ်ဟယ်ရီ(အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၇၅၃ | ဒေါ်နန်းခင်စိုး(အင်းစိန်မြို့နယ်) | ၁၅၀,၀၀၀ |
| ၇၅၄ | ဒေါ်ခင်တုတ် မိသားစု(အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၅၅ | သီရိသုဓမ္မဓဏ်ဇောတရေ ဦးမျိုးမြင့်+သီရိသုဓမ္မသိင်္ဂီဒေါ်သန္တာဝင်း (Myo Naing-Nine Group of Co.,Ltd)(အင်းစိန်မြို့နယ်) | ၅၀,၀၀၀,၀၀၀ |
| ၇၅၆ | ဦးချစ်သိန်း+ဒေါ်အေးအေးမြင့် (အင်းစိန်မြို့နယ်) | ၂၀,၀၀၀,၀၀၀ |
| | ၁၈-၁-၂၀၂၁ ရက်နေ့ စုစုပေါင်း | ၂,၄၉၀,၆၉၂,၀၅၉ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ ထည့်သွင်းထားသည့် အချက်အလက်များအရနေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

စာမျက်နှာ ၂၄ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၀ | ဦးစိုးတင့်+ဒေါ်စန်းမြင့် (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၁၁ | ဒေါ်တင်တင်ဝေ (ခ) ဒေါ်ပေါက် (မုံရွာမြို့) | ၂၀၀,၀၀၀ |
| ၁၂ | ဦးအာကာလှိုင် (မုံရွာမြို့) | ၁၅၀,၀၀၀ |
| ၁၃ | ဦးသူရဖြိုး + ဒေါ်ထက်ထက်အောင် (ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၁၄ | ဦးဟန်ညွန့်+ဒေါ်ခင်အေးမြင့် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၅ | ဦးမြသန်း+ဒေါ်စန်းစန်းဝင်း မိသားစု (တ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၆ | ဦးမြင့်ဆွေ (ပခုက္ကူမြို့) | ၁၀၀,၀၀၀ |
| ၁၇ | ဒေါ်ခင်မေရီ (ရန်ကုန်မြို့) | ၁,၂၀၀,၀၀၀ |
| ၁၈ | ဦးမိုးခိုင်+ဒေါ်ရင်နွယ်အေး (မုံရွာမြို့) | ၂၀၀,၀၀၀ |
| ၁၉ | ဦးခင်မောင်မြင့် (မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၂၀ | ဒေါ်ခင်ခင်မြင့် (မုံရွာမြို့) | ၂၀,၀၀၀ |
| ၂၁ | ဦးနိုင်စိုးဝေ (မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၂၂ | ဒေါ်စီစီဝါ+ဒေါ်မေသော်တာ+ ၁ (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၃ | ဒေါ်အေးအေးမြင့် (ရန်ကုန်မြို့) | ၄၇၃,၀၀၀ |
| ၂၄ | ဒေါက်တာရင်မေ (မကွေးမြို့) | ၅၀,၀၀၀ |
| ၂၅ | ဦးရဲသောင်း+ဒေါ်မြင့်မြင့်ကြည် မိသားစု (မကွေးမြို့) | ၅၀၀,၀၀၀ |
| ၂၆ | ဦးတင်ထွဋ်ဇော် (မကွေးမြို့) | ၃၀၀,၀၀၀ |
| ၂၇ | ဒေါ်ငွေးငွေးရီ (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၈ | ဒေါ်တင်တင်မြင့် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၉ | ဦးကြိုင်သင်း (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၃၀ | ဦးမြင့်တင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၁ | ဦးကျော်အောင် (မန္တလေးမြို့) | ၁၂၀,၀၀၀ |
| ၃၂ | ဦးမျိုးမြင့်+ဒေါ်ခင်ခင်လေး မိသားစု (တ/ဥက္ကလာပမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၃ | ဦးစိုင်းအောင်သန်း (လားရှိုး) | ၅၀၀,၀၀၀ |
| ၃၄ | ဦးငွေသိန်း (ရမည်းသင်း) | ၃၀,၀၀၀ |
| ၃၅ | မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ် လားရှိုးဘဏ်ခွဲ) | ၁၇၀,၀၀၀ |
| ၃၆ | ဒေါ်သန်းသန်းဖြူ (မန္တလေးမြို့) | ၂၀၀,၀၀၀ |
| ၃၇ | ဦးအောင်သော်နိုင် (ပခုက္ကူမြို့) | ၁၀၀,၀၀၀ |
| ၃၈ | ဦးကျော်ကျော်စန်း (ပခုက္ကူမြို့) | ၁၀၀,၀၀၀ |
| ၃၉ | ဦးဝင်းထွန်း (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၄၀ | ဦးတင်ဝ (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄၁ | ဒေါ်နုနုလွင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄၂ | ဦးကျော်အေး+ဒေါ်ငွေးငွေးဝင်း (မုံရွာမြို့) | ၃၀၀,၀၀၀ |
| ၄၃ | ဦးသိုက်ထွန်း+ ဒေါ်အမာ (မုံရွာမြို့) | ၂၀၀,၀၀၀ |
| ၄၄ | ဦးဝင်းမောင်+ဒေါ်ဝါဝါနိုင် (မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၄၅ | ဒေါ်ညွန့်ရီ (ရန်ကုန်မြို့) | ၂၀,၀၀၀,၀၀၀ |
| ၄၆ | ဦးစံလင်း (မကွေးမြို့) | ၃၀၀,၀၀၀ |
| ၄၇ | ဦးမြင့်ဦး+ဒေါ်ကေသီမြင့် (မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၄၈ | ဦးအောင်အောင် (မုံရွာမြို့) | ၇၀၀,၀၀၀ |
| ၄၉ | ဦးသိန်းအောင်+ဒေါ်သန်းမေ (မုံရွာမြို့) | ၃၀၀,၀၀၀ |
| ၅၀ | ဦးငွေးအောင်+ဒေါ်စန်းမြင့် (ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၅၁ | ဦးစိုးမင်းအေး (မန္တလေးမြို့) | ၂၀,၀၀၀ |
| ၅၂ | ဦးကြည်ဝင်း+ဒေါ်ကြာယုံ (လားရှိုးမြို့) | ၃၀,၀၀၀,၀၀၀ |
| ၅၃ | ဦးမြင့်သိန်း (ချောက်မြို့) | ၃၀,၀၀၀ |
| ၅၄ | ဒေါ်ညိုညိုသန်း (ရန်ကုန်မြို့) | ၅,၀၀၀ |
| ၅၅ | ဦးစိုးမင်းအေး (မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၅၆ | ဦးစိုးမင်းအေး (မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၅၇ | ဒေါ်အမာတင် (မန္တလေးမြို့) | ၁၃၀,၀၀၀ |
| ၅၈ | ဦးတင်မောင်ဝင်း (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၅၉ | ဒေါ်ချိုချိုစံ (ရန်ကုန်မြို့) | ၁၁၀,၀၀၀ |
| ၆၀ | ဦးသန်းမြင့်+ဒေါ်ဆွေဆွေကျော် (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၆၁ | ဦးကြည်လွင်+ဒေါ်မြင့်မြင့်ကြည်+၁ (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၆၂ | ဦးစိုးမင်းအေး (မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၆၃ | ဦးဇော်ကြီး (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၆၄ | ဦးခင်မောင်စန်း (မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၆၅ | ဦးပဏ္ဍိတ၊ ဒေါ်စိန်စိန်၊ ဦးသိန်းမြင့်၊ ဒေါ်စန်းမြင့် (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၆၆ | ဦးကျော်လင်းအောင် (ပြည်မြို့) | ၃၀၀,၀၀၀ |
| ၆၇ | ဒေါ်ယုံ ညီမ ဒေါ်ထုံမိသားစု (ပြည်မြို့) | ၃၀၀,၀၀၀ |
| ၆၈ | ဦးနိုင်နိုင်တင် (ပြည်မြို့) | ၅၀,၀၀၀ |
| ၆၉ | ဦးနိုင်နိုင်တင် (ပြည်မြို့) | ၅၀,၀၀၀ |
| ၇၀ | ဒေါ်သူဇာကျော် (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၇၁ | ဒေါက်တာမွန်မွန်သူ (ပြည်မြို့) | ၁၀,၀၀၀ |
| ၇၂ | ဗိုလ်မှူးအောင်ဖြိုးမြင့် (ပြည်မြို့) | ၅၀,၀၀၀ |
| ၇၃ | ဒေါက်တာဆွေဆွေဝင်း (ပြည်မြို့) | ၁၅၀,၀၀၀ |
| ၇၄ | ဒေါ်ခင်သီတာထွန်း (ပြည်မြို့) | ၅၀,၀၀၀ |
| ၇၅ | ဦးညွန့်တင် (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၇၆ | ဦးခင်မောင်ဦး+ ဒေါ်ဝါဝါစိန် မိသားစု လက်ရွေးစင်စတိုး (ပြည်မြို့) | ၅၀၀,၀၀၀ |
| ၇၇ | ဒေါက်တာမျိုးမြင့် (ပြည်မြို့) | ၃၀၀,၀၀၀ |
| ၇၈ | ဦးမိုးဇင် (ပြည်မြို့) | ၅၀၀,၀၀၀ |
| ၇၉ | ဒေါ်သီတာဦး (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၈၀ | ဦးထွန်းထွန်း (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၈၁ | ဦးကျော်စိုးမင်း (ပြည်မြို့) | ၃၀၀,၀၀၀ |
| ၈၂ | ဦးအောင်သီ (ပြည်မြို့) | ၂၀၀,၀၀၀ |
| ၈၃ | ဦးငွေတင် (ပြည်မြို့) | ၅၀၀,၀၀၀ |
| ၈၄ | ဒေါ်စန်းရီ (ပြည်မြို့) | ၅၀,၀၀၀ |
| ၈၅ | ထုံးဘုရင်ကျော်ထင် (မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၈၆ | အေးချိုင့်ဗလီထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၈၇ | ဦးမြအောင်+ဒေါ်နော်ကြည် (ရန်ကုန်မြို့) | ၁၃၀,၀၀၀ |
| ၈၈ | ဦးဂသော်ဇင်+ဒေါ်လှိုင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၈၉ | ဦးကျော်ကျော်၊ သမီး မဝင်းဝင်းခိုင် ကမ္ဘာကျော်ငါးပုဇွန်ရောင်းဝယ်ရေး (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၉၀ | ဦးမောင်မောင်ထွေး (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၉၁ | ဒေါ်အေးအေးမော်မိသားစု (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၉၂ | ဦးလှကို+ဒေါ်သန်းရွှေ တရားလွှတ်တော်ရှေ့နေများမိသားစု (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၉၃ | ဦးတင်ကိုကို+ဒေါ်အေးသီတာ Shining Star စိန်တိုက် (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၉၄ | ဦးကျော်မိုးဆွေ+ဒေါ်စိန်အေး မိုးထက်ကျော် ကချင်လုံခြည် (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၉၅ | ဦးအောင်မြတ် Mother Group of Companies) (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၉၆ | ဦးတော်တော်နှင့်သားများကုမ္ပဏီလီမိတက် (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၉၇ | ဦးမင်းသူ+ဒေါ်မိုးသီတာညို မိသားစု ဝေဖြိုးရောင်းဝယ်ရေးမိသားစု (မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၉၈ | ဒေါက်တာမောင်မောင်နိုင် ရတနာပုံတက္ကသိုလ် (မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၉၉ | အထက်မြန်မာပြည်ရွှေဝါရောင်သံဃာတော်များနှင့်ရဟန်းရှင်လူပြည်သူအများ ကောင်းမှု (မန္တလေးမြို့) | ၉,၀၀၀,၀၀၀ |
| ၁၀၀ | ဦးဝင်းဇော် (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၀၁ | ဦးသန့်ဇင်မောင် (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၀၂ | ဦးညီညီမင်း+ဒေါ်အိအိဟန် (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၀၃ | ဒေါ်စန္ဒာမင်းမင်း (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၀၄ | ဦးနိုင်အောင်+ဒေါ်ယဉ်ယဉ်ကြူ(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၀၅ | ဒေါ်ကြည်ကြည်မွန် ရတနာပုံတက္ကသိုလ် (မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၁၀၆ | နေပြည်တော်မှ ပါရမီဖြည့်ဖက်ညီအစ်မများ (အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန) | ၃,၀၀၀,၀၀၀ |
| ၁၀၇ | ဖခင်ကြီးဦးထွန်းလှ (၁၄) နှစ်ပြည့်အား ရည်စူး၍ ဦးခင်မောင်လတ်+ဒေါ်သိန်းသိန်းရီမိသားစု (ပျဉ်းမနားမြို့) | ၅၀၀,၀၀၀ |
| ၁၀၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်းရိုင်းပင်းကူညီရေးအသင်း (နေပြည်တော်) | ၁,၀၀၀,၀၀၀ |
| ၁၀၉ | ဦးဝင်းမြင့်+ဒေါ်မာမာသွင် မိသားစု (ပျဉ်းမနားမြို့) | ၅၀,၀၀၀ |
| ၁၁၀ | ဦးသန်းစိန်+ဒေါ်သန်းသန်းထွေး သီရိရတနာခန်းမမိသားစု (ချောက်မြို့) | ၁၀၀,၀၀၀ |
| ၁၁၁ | ဖခင်ကြီးအား ရည်စူး၍ ဦးကျော်ဇင်လတ်+ဒေါ်ခင်သူဇာထွန်း မိသားစု (ချောက်မြို့) | ၁၀၀,၀၀၀ |
| ၁၁၂ | ဘဏ္ဍာရေးစီမံကိန်းနှင့်စီးပွားရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | ၄၈၀,၀၀၀ |
| ၁၁၃ | ဦးကျော်ဇင်ထွန်း+ဒေါ်သင်းသင်းစိုး(ဒု-ညွှန်မှူး)မူပိုင်ခွင့်ဌာန (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၁၁၄ | ဦးနိုင်ဇေယျာထွန်း (နေပြည်တော်) | ၂၀,၀၀၀ |
| ၁၁၅ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန(နေပြည်တော်) | ၂,၉၇၀,၅၀၀ |
| ၁၁၆ | ဒေါ်ခင်သန်းနု+သမီးမယုဇင်နိုင် (သာယာဝတီမြို့) | ၁၀၀,၀၀၀ |
| ၁၁၇ | ဦးအုန်းမြိုင် +ဒေါ်ခင်ရီ မိသားစု (သာယာဝတီမြို့) | ၅၀,၀၀၀ |
| ၁၁၈ | ပြည်ထောင်စုလွှတ်တော်ရုံးဝန်ထမ်းများ (နေပြည်တော်) | ၉၀၀,၀၀၀ |
| ၁၁၉ | မေတ္တာသင်္ဂဟအဖွဲ့ (ဗဟန်းမြို့) | ၂,၀၀၀,၀၀၀ |
| ၁၂၀ | ဒေါ်သီတာ (နေပြည်တော်) | ၅၀,၀၀၀ |
| ၁၂၁ | တပ်တွင်းဘွဲ့ရ ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ် ၁၀/၈၅ညီအစ်ကိုများ (နေပြည်တော်) | ၅၀၀,၀၀၀ |
| ၁၂၂ | ဦးဟန်ညီညီဦး+ဒေါ်စုစုထက် သား- မောင်ညီဂျူနို သမီး-မရှင်းမဒီတေး (Noble Kingdon Co.,Ltd )(နေပြည်တော်) | ၈,၁၀၀,၀၀၀ |
| ၁၂၃ | လုပ်ဖော်ကိုင်ဖက်ညီအစ်ကိုမောင်နှမများ(အမျိုးသားလွှတ်တော်ရုံး)နှင့် စေတနာရှင်များ (နေပြည်တော်) | ၅၂၀,၁၀၀ |
| ၁၂၄ | ဦးသိန်းဇော်+ဒေါ်တင်တင်ငွေး (မင်္ဂလာဒုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၅ | ဦးကိုကိုဦး+ဒေါ်လီလီရွှေ (မင်္ဂလာဒုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၆ | ဦးအောင်ဖြိုး+ဒေါ်လေးစန္ဒာလင်း မိသားစု (မင်္ဂလာဒုံမြို့နယ်) | ၂၀၀,၀၀၀ |
| ၁၂၇ | ဦးစိုးညွန့် (တောင်ငူမြို့) | ၂၀၀,၀၀၀ |
| ၁၂၈ | ဒေါ်ယဉ်ယဉ်လှ (မြင်းခြံမြို့) | ၂,၀၀၀,၀၀၀ |
| ၁၂၉ | ဒေါ်သန်းနွဲ့ (မြင်းခြံမြို့) | ၅၁၀,၀၀၀ |
| ၁၃၀ | ဦးကျော်ရှိန် (မြင်းခြံမြို့) | ၁၀၀,၀၀၀ |
| ၁၃၁ | ဦးဝေဖြိုးထွန်း (မြင်းခြံမြို့) | ၁,၀၀၀,၀၀၀ |
| ၁၃၂ | ဦးအောင်ဆန်း (မြင်းခြံမြို့) | ၃,၀၀၀,၀၀၀ |
| ၁၃၃ | ဒေါ်ခင်ညွန့် (မြင်းခြံမြို့) | ၂,၀၀၀,၀၀၀ |
| ၁၃၄ | ဦးအောင်သန်း (မြင်းခြံမြို့) | ၂,၀၀၀,၀၀၀ |
| ၁၃၅ | ဦးဟန်သာထွန်း (မြင်းခြံမြို့) | ၁၀၀,၀၀၀ |
| ၁၃၆ | ဦးမြင့်မောင် (ကျောက်ဆည်မြို့) | ၅၀,၀၀၀ |
| ၁၃၇ | ဦးအောင်ဇော်မြင့် (ကြည့်မြင်တိုင်မြို့နယ်) | ၂၀၀,၀၀၀ |
| ၁၃၈ | ဒေါ်နီလာဆွေ (ကြည့်မြင်တိုင်မြို့နယ်) | ၂၀,၀၀၀ |
| ၁၃၉ | ဦးသိန်းဇော် (မကွေးမြို့) | ၂၀,၃၄၅,၀၀၀ |
| ၁၄၀ | ဒေါ်တင်တင်နွယ် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၄၁ | ဒေါ်သင်းသင်းလှိုင် (ရန်ကုန်မြို့) | ၁၅၀,၀၀၀ |
| ၁၄၂ | ဦးအောင်မျိုးအေး (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |

စာမျက်နှာ ၂၆ သို့

စာမျက်နှာ ၂၅ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၅၃ | ဦးမျိုးတင့် (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၅၄ | နန်းခိန်းကြည် (တာချီလိတ်မြို့) | ၁၀,၁၀၀,၀၀၀ |
| ၁၅၅ | ဦးလှမြင့်+ဒေါ်တင်နွယ် (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၅၆ | ဒေါက်တာကျော်စွာအောင် (မြဝတီမြို့) | ၁၀၀,၀၀၀ |
| ၁၅၇ | မေဇင်ဖြိုး (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၅၈ | ခင်သန္တာထွန်း (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၁၅၉ | ခင်ပွန်း ဦးချစ်ဆွေနှင့် သမီးလေး စိုးမြတ်သူအား ရည်စူး၍ ဒေါ်မေဝင်း (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၆၀ | ဦးမင်းညွန့်+၁ (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၆၁ | ဒေါ်သက်ထားဆွေဇင် (ရန်ကုန်မြို့) | ၆,၉၈၉,၀၀၀ |
| ၁၆၂ | ဦးရဲသွင် (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၁၆၃ | ဦးသက်နိုင်ဦး+ဒေါ်အေးအေးစိုး (အင်းစိန်မြို့နယ်) | ၁၈၀,၀၀၀ |
| ၁၆၄ | ဦးခင်မောင်တိုး+ဒေါ်အေးမြင့်ခိုင် (ရန်ကုန်မြို့) | ၁၁၀,၀၀၀ |
| ၁၆၅ | ဦးစိုင်းအေးလွင် (မူဆယ်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၆၆ | ဒေါ်ချိုချို(ခ)ဒေါ်သန်းသန်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၆၇ | ဒေါ်ပင်သီထွန်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀,၀၀၀ |
| ၁၆၈ | ဦးရဲဝင်း+ဒေါ်အေးအေးမူ (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၆၉ | ဦးသန်းကျော်တိုး (မင်္ဂလာဒုံမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၇၀ | ဒေါက်တာထွန်းလွင်ဦး (လှိုင်သာယာမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၇၁ | ဦးကျော်ကျော်ဦး (တောင်ငူမြို့) | ၈၀၆,၅၀၀ |
| ၁၇၂ | ဦးဝင်းနိုင် (ပခုက္ကူမြို့) | ၁,၀၀၀,၀၀၀ |
| ၁၇၃ | ဦးအောင်လင်း (ပခုက္ကူမြို့) | ၅၀,၀၀၀ |
| ၁၇၄ | ဦးမောင်မြင့် (ပခုက္ကူမြို့) | ၁၀၀,၀၀၀ |
| ၁၇၅ | ဦးကျော်ကျော်ဝင်း (ပခုက္ကူမြို့) | ၃၀၀,၀၀၀ |
| ၁၇၆ | ဦးဝင်းကြင်+ဒေါ်ကြင်ငွေ (ကမာရွတ်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၇၇ | ဦးမြင့်သန်း+ဒေါ်နွယ်နွယ် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၇၈ | ဒေါ်ဟန်နွယ်မြင့်(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၇၉ | ဒေါ်လွင်သန္တာထွန်း(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၈၀ | ဦးဟန်သိန်း+ဒေါ်သောင်းသောင်း ၊ သမီး မထက်ထက်နိုင် (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၈၁ | ဦးမောင်မောင်နိုင်+၂ (ရန်ကုန်မြို့) | ၃၁၀,၀၀၀ |
| ၁၈၂ | ဦးငြိမ်းရီ+ ဒေါ်ပြုံးပြုံးစိန် (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
